ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်၊ စနေနေ့ (24-3-2012) (၇၀၇၄)

## ကမ္ဘာ့အဆင့်မီ တပ်မတော်တစ်ရပ်ရှိဖို့လို

"နိုင်ငံတော်ကိုကာကွယ်ဖို့အတွက် ကမ္ဘာ့အဆင့်မီ တပ်မတော်တစ်ရပ်ရှိဖို့ လိုအပ်ပါတယ်။ လက်ရှိတပ်မတော်ကို အင်အားတောင့်တင်းတဲ့တပ်မတော်၊ စွမ်းရည်ရှိတဲ့တပ်မတော်၊ ခေတ်မီတဲ့တပ်မတော်၊ မျိုးချစ်စိတ်ထက်သန်တဲ့တပ်မတော်ဖြစ်အောင် အားလုံးဝိုင်းပြီး တည်ဆောက်ကြရပါမယ်။ နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်ကာကွယ်ရေးကို နိုင်ငံသားအားလုံး ဝိုင်းပြီးတာဝန်ယူကြရမှာ ဖြစ်ပါတယ်။"

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
(၃၀-၃-၂၀၁၁ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး၌ ပြောကြားသည့် မိန့်ခွန်းကောက်နုတ်ချက်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျုံးသန်စန်းက ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို

နေပြည်တော် မတ် ၂၃

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာကျုံးသန်စန်း (H.E. Mr. Truong Tan Sang)က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို မတ် ၂၀ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ သမ္မတအိမ်တော်ရှေ့ရင်ပြင်၌ ကျင်းပသည်။**

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ရန် သမ္မတအိမ်တော်သို့ ရောက်ရှိရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဗီယက်နမ်ဆိုရှယ်လစ် **စာမျက်နှာ ၃ ကော်လံ ၁ သို့❖**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ကျုံးသန်စန်းတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။**
(သတင်းစဉ်)

## စီးပွားရေးအရ ကုန်သွယ်မှုတွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏမြင့်တင်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည် လာအိုနှင့် မြန်မာနိုင်ငံအကြား မဲခေါင်မြစ်ကူးတံတားတည်ဆောက်ရေးကို မကြာမီစတင်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍ သိသိသာသာတိုးတက်လာသည်နှင့် အညီ နှစ်နိုင်ငံကုန်သွယ်မှု တိုးတက်လာစေရန် ပူးပေါင်းဆောင်ရွက်လို နှစ်နိုင်ငံအကြား ကုန်းလမ်းဖောက်လုပ်ရေး အကောင်အထည်ပေါ်ပါက အနာဂတ်ဆက်သွယ်မှု ပိုမိုလွယ်ကူလာမည်

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျုံးသန်စန်း



နေပြည်တော် မတ် ၂၃

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မတ် ၂၀ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ သမ္မတအိမ်တော်၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျုံးသန်စန်းနှင့် တွေ့ဆုံသည်။**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ **စာမျက်နှာ ၅ ကော်လံ ၁ သို့✳**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ကျုံးသန်စန်းတို့ ဟနွိုင်းမြို့ရှိ သမ္မတအိမ်တော်၌ တွေ့ဆုံစဉ်။**
(သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟနွိုင်းမြို့သို့ရောက်ရှိ

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြစဉ်။**

(သတင်းစဉ်)

**နေပြည်တော် မတ် ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာကျုံးသန်စန်း၊ ကမ္ဘောဒီးယားနိုင်ငံဘုရင် ပရယ် ဘတ်ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်တို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံတို့တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် အဖွဲ့ဝင်များ လိုက်ပါလျက် မတ် ၂၀ ရက်နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် စတင်ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်သည်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသက်ဦးနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယအကြီးအကဲ Mr. Phung The



Long တို့က လေယာဉ်ပေါ်သို့တက်ရောက်၍ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့အတူ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတရုံး ဥက္ကဋ္ဌ H.E. Mr. Dao Viet Trung၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Pham Quang Vinh ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung ၊ သမ္မတရုံး ပြည်ပရေးရာဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှ၊ တောင်အာရှနှင့် တောင်ပစိဖိတ်ရေးရာဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၏ ဇနီး ဒေါ်ဖြူဖြူထွန်း၊ စစ်သံမှူး ဗိုလ်မှူးကြီး ဝင်းလှိုင်နှင့် ဇနီး ဒေါ်မြမြဝင်း၊ သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများက လေယာဉ်လှေကားထိပ်မှ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် ဟနွိုင်းမြို့ Melia Hanoi ဟိုတယ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

(သတင်းစဉ်)

# ကြားဖြတ်ရွေးကောက်ပွဲရွှေ့ဆိုင်းသည့် မဲဆန္ဒနယ်များကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**

**ကြေညာချက်အမှတ် (၁၆/၂၀၁၂)**

၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်
(၂၀၁၂ ခုနှစ်၊ မတ်လ ၂၃ ရက်)

**ကြားဖြတ်ရွေးကောက်ပွဲရွှေ့ဆိုင်းသည့် မဲဆန္ဒနယ်များစာရင်းကြေညာခြင်း**

၁။ ကချင်ပြည်နယ်ရှိ အောက်ဖော်ပြပါ မဲဆန္ဒနယ်များသည် လုံခြုံရေးအခြေအနေအရ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသဖြင့် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ယင်းမဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကို ကျင်းပပေးမည်မဟုတ်ဘဲ ရွှေ့ဆိုင်းလိုက်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀(စ)၊ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၀(ဂ)နှင့် ပုဒ်မ ၅၄ တို့အရ ထုတ်ပြန်ကြေညာလိုက်သည်-

**မဲဆန္ဒနယ်အမည်**

(က) ဖားကန့်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊
(ခ) ဗန်းမော်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊
(ဂ) မိုးကောင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်။

၂။ ဖော်ပြပါမဲဆန္ဒနယ်များတွင် နောင်လုံခြုံရေးအခြေအနေအရ ရွေးကောက်ပွဲကျင်းပရန် အဆင်ပြေသင့်လျော်မည့်အချိန်၌ ကြားဖြတ်ရွေးကောက်ပွဲကျင်းပပေးမည်ဖြစ်သည်။

ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မြန်မာ-ပြင်သစ် ပြန်ကြားရေးနှင့် ယဉ်ကျေးမှုကဏ္ဍ အမြင်ချင်းဖလှယ်



နေပြည်တော် မတ် ၂၃

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြင်သစ်သမ္မတနိုင်ငံ ယဉ်ကျေးမှုနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ Secretary General H.E.Mr. Guillaume BOUDY ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။** (အပေါ်ပုံ)

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ပြင်သစ်နှစ်နိုင်ငံအကြား ပြန်ကြားရေးနှင့် ယဉ်ကျေးမှုကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ၌ လတ်တလော ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ရေရှည်ဆက်လက် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ နှစ်နိုင်ငံအကြား ပြန်ကြားရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ဝန်ကြီးဌာနနှစ်ခုစလုံးနှင့် နားလည်မှုစာချွန်လွှာများ ရေးထိုးနိုင်ရန် ဆောင်ရွက်မည့် အစီအစဉ်များနှင့် မြန်မာနိုင်ငံမှ လေ့လာရေးအဖွဲ့များ စေလွှတ်မည့်အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြင်သစ်သမ္မတနိုင်ငံ ယဉ်ကျေးမှုနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန နိုင်ငံတကာရေးရာဌာနမှ ညွှန်ကြားရေးမှူး Mrs. Brigitte FAVAREL၊ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ ပြင်သစ်နိုင်ငံသံရုံးမှ ရုပ်သံပိုင်းဆိုင်ရာ သံမှူး Mr. Philippe BOUDOUX ၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Thierry MATHOU နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

## စာပေမြင့်မှ လူမျိုးတင့်မည်

**ကြေးမုံစာတည်းရှုထောင့်** ၂၄-၃-၂၀၁၂[စနေနေ့]။

# တပ်မတော်၏ အစဉ်အလာကောင်း ရေစီးကြောင်း

သမိုင်းတွင် မြန်မာ့လွတ်လပ်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲဆောင်ရွက်ခဲ့သည့်တပ်မတော်၏ တိုက်ပွဲဝင်လှုပ်ရှားမှုများသည် ကမ္ပည်းတင်နေဆဲ ဖြစ်သည်။

တိုင်းရင်းသားပြည်သူတို့၏ ရင်နှစ်သည်းချာများဖြင့် ဖွဲ့စည်းထားသော တပ်မတော်သည် မျိုးချစ်စိတ်ကိုအရင်းခံ ဖွဲ့စည်းထားရာ ရဲစွမ်းသတ္တိရှိမှု၊ စစ်ရေးစွမ်းရည် ပြည့်ဝမှုတို့ဖြင့် နိုင်ငံကို ကာကွယ်စောင့်ရှောက်နေမြဲဖြစ်သည်။

ယင်းသို့ နိုင်ငံနှင့်ပြည်သူတို့အပေါ် အကာအကွယ်ပေးစောင့်ရှောက်နိုင်နေခြင်းသည် နိုင်ငံတော်အပေါ်ထားရှိသည့် သစ္စာတရားကြောင့်ဖြစ်သည်။ တပ်မတော်သားတိုင်းက သစ္စာလေးချက်ကို အသက်နှင့်ထပ်တူ စောင့်ထိန်းရင်း စိတ်ဓာတ်ခိုင်မာမှုရှိခြင်း၊ ဖွဲ့သတ္တိနှင့် စွန့်လွှတ်စွန့်စားလိုစိတ်ရှိခြင်း၊ ရဲဘော်စိတ်နှင့် စည်းလုံးညီညွတ်မှုရှိခြင်း၊ကျန်းမာကြံ့ခိုင်၍ တိုက်ရည်ခိုက်ရည်ပြည့်ဝခြင်း၊ စွမ်းရည်သုံးရပ်နှင့် ပြည့်စုံခြင်း စသည့် အရည်အချင်းများ ပြည့်စုံနေခြင်းတို့ကြောင့်ဖြစ်သည်။

သမိုင်းစဉ်တစ်လျှောက် တပ်မတော်က နိုင်ငံကို အကြွင်းမဲ့ကာကွယ်စောင့်ရှောက်ရာတွင် တိုက်ပွဲတိုင်း၌ ရန်သူတို့ကို ရှုပ်ရှုပ်ချွံချွံချေမှုန်းခဲ့ရသည်။ တိုက်ပွဲအလီလီ အောင်ပွဲဆင်နိုင်ခဲ့သည်။ စစ်မြေပြင်၌ တိုက်ပွဲဝင်ရာတွင် ကာယသတ္တိ တစ်ခုတည်းသာမက ဇွဲသတ္တိသည်လည်းအရေးကြီးသည်။ ဇွဲသတ္တိဆိုသည်မှာ စိတ်ဓာတ်စွမ်းအင်ဖြစ်သည်။ ဉာဏ်နှင့်ယှဉ်၍ မိမိကအနိုင်ရအောင် စွမ်းဆောင်နိုင်သောအရည်အချင်းပင်ဖြစ်သည်။ သတ္တိ ဇွဲသတ္တိပြည့်စုံသူတို့သည် မိမိ၏အသက်ကိုပင် စွန့်လွှတ်စွန့်စားရဲကြသည်။

သမိုင်းရေစီးကြောင်းကြီးတွင် တပ်မတော်သားပေါင်းများစွာတို့က နိုင်ငံတော်ကို အသက်သွေးချွေးရင်းနှီးပေးဆပ်၍ ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ ရဲသော်မသေ သေသော်ငရဲမလား ဆိုထုံးနှင့်အညီ နိုင်ငံကာကွယ်ရေးတာဝန် ထမ်းဆောင်နေကြသည်။ ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရာတွင် မျိုးဆက်ဟောင်း၊ မျိုးဆက်သစ်တို့ လက်တွဲပူးပေါင်းဆောင်ရွက်နေကြပြီ။ ပြည်ထောင်စုဖွား သားစဉ်မြေးဆက်တို့ခေတ်၌လည်း တပ်မတော်၏အစဉ်အလာကောင်း ရေစီးကြောင်းကြီးသည် မပြတ်မတောက် မခန်းမခြောက်ဘဲ အဟုန်ပြင်းပြင်း သန့်သန့်ရှင်းရှင်း ကြည်ကြည်လင်လင် စီးဆင်းနေဦးမည်ဟု ရှုမြင်မိပါသည်။ ။

❖ရှေ့ဖုံးမှ

သမ္မတနိုင်ငံ သမ္မတတို့သည် အလေးပြုခံစင်မြင့်သို့ သွားရောက်နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ကို တီးမှုတ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတက ၎င်းနှင့်အတူ ကြိုဆိုကြသူများနှင့် မိတ်ဆက်ပေးသည်။

ထို့အတူ နိုင်ငံတော်သမ္မတကလည်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတအား မိမိနှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသူများနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် နှစ်နိုင်ငံသမ္မတများသည် ဂုဏ်ပြုတပ်ဖွဲ့၏ စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုခြင်းကို ခံယူကြပြီး ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသက်ဦးတို့ တက်ရောက်ကြသည်။

ထို့အတူ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတရုံးဥက္ကဋ္ဌ H.E. Mr. Dao Viet Trung၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Pham Binh Minh၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Cao Duc Phat၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Trinh Dinh Dung၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများလည်း တက်ရောက်ကြသည်။ (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာကျုံးသန်စန်းတို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။**

(သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား

# ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာကျုံးသန်စန်းက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မတ် ၂၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာကျုံးသန်စန်းက မတ် ၂၀ ရက် ည ၇ နာရီတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဖရင့်ဗဟိုဌာန၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။**

ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသက်ဦးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတနှင့်အတူ သမ္မတရုံး ဥက္ကဋ္ဌ H.E. Mr. Dao Viet Trung၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Pham Binh Minh၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Cao Duc Phat၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများလည်း တက်ရောက်ကြသည်။





**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။**

(သတင်းစဉ်)



**ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာကျုံးသန်စန်း ဂုဏ်ပြုညစာစားပွဲတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။**

(သတင်းစဉ်)

အခမ်းအနားတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာကျုံးသန်စန်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဆုတောင်းပတ္ထနာပြုသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိမိတို့ သမိုင်းဝင်ဟနွိုင်းမြို့သို့ ဆိုက်ရောက်ချိန်ကစ၍ မိမိတို့အား နွေးထွေးစွာ ကြိုဆိုနှုတ်ခွန်းဆက်သမှုများနှင့် ပျူငှာသည့် ဧည့်ဝတ်ပြုမှုများအတွက် အဆွေတော်နှင့်တကွ ဗီယက်နမ်ခေါင်းဆောင်များ၊ အစိုးရနှင့် ပြည်သူများကို မိမိအနေဖြင့် လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း၊ မိမိအနေဖြင့် ဗီယက်နမ်နိုင်ငံသို့ ၂၀၀၇ ခုနှစ် နိုဝင်ဘာလတွင် ပထမအကြိမ် အလည်အပတ်ရောက်ရှိခဲ့ပြီး ၂၀၀၈ ခုနှစ်၊ ၂၀၁၀ ခုနှစ် ဧပြီနှင့် ဇွန်လတို့တွင် ထပ်မံလာရောက်ခဲ့ပါကြောင်း၊ ယခုတစ်ဖန် သာယာလှပသည့် ဟနွိုင်းမြို့တော်သို့ နောက်တစ်ကြိမ် လာရောက်လည်ပတ်ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ ဤခရီးစဉ်တွင် မိတ်ဆွေကောင်းများ၏ ရှိရင်းစွဲခင်မင်မှုများကို ထပ်မံခိုင်မြဲစေရုံသာမက မကြာသေးမီနှစ်များအတွင်းတွင် ဗီယက်နမ်နိုင်ငံ၏ တိုးတက်အောင်မြင်မှုများကို ကိုယ်တိုင်ကိုယ်ကျ လေ့လာခွင့်ရရှိစေခဲ့ပါကြောင်း။

မိမိအနေဖြင့် ယနေ့ နေ့လယ်ပိုင်းတွင် အဆွေတော်နှင့် အခြားဗီယက်နမ်ခေါင်းဆောင်များနှင့် ဆွေးနွေးခွင့်ရရှိခဲ့ပါကြောင်း၊ ယင်းဆွေးနွေးချက်များမှ ရရှိလာသည့် ရလဒ်များနှင့် မိမိတို့နှစ်နိုင်ငံပြည်သူများအကြား တည်ရှိနေသည့် စစ်မှန်သော ချစ်ကြည်ရင်းနှီးမှုတို့သည် လွတ်လပ်ရေးကြိုးပမ်းစဉ် အချိန်ကာလကတည်းက စတင်ဖြစ်ထွန်းခဲ့ခြင်းဖြစ်ပါကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးသည်လည်း ခိုင်မြဲသည်ထက် ခိုင်မြဲလာသည်ကို တွေ့ရှိရ၍ အထူးဝမ်းသာဂုဏ်ယူမိပါကြောင်း။

မြန်မာနိုင်ငံတွင် မိမိတို့အစိုးရသည် ပြည်သူများက ရွေးချယ်တင်မြှောက်ထားသည့် အစိုးရဖြစ်သည်နှင့်အညီ ပြည်သူ့ဆန္ဒ၊ ပြည်သူ့လိုလားချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရန် သန္နိဋ္ဌာန်ချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ယနေ့ပြည်သူများ၏ အဓိကဆန္ဒကြီးနှစ်ခုဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အစဉ်တစိုက် ကြိုးပမ်းဖော်ဆောင်လျက်ရှိပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးရေးကို ပို၍ တိုးတက်အောင်ဆောင်ရွက်ရင်း စက်မှုနိုင်ငံထူထောင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ စက်မှုနိုင်ငံထူထောင်နိုင်ရန် တစ်ဖက်ကတည်ဆောက်နေသကဲ့သို့ တစ်ဖက်ကလည်း အခြေခံအဆောက်အအုံများ၊ လူသားအရင်းအမြစ်၊ ကျွမ်းကျင်လုပ်သား၊ နည်းပညာမြှင့်တင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တရားဥပဒေအခြေခံအဖွဲ့အစည်းတည်ဆောက်မှု၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် စီးပွားရေးနယ်ပယ်၊ ပုဂ္ဂလိကပါဝင်မှုမြှင့်တင်ရေးစသည့် ဘက်စုံလွှမ်းခြုံမှုပါဝင်သည့် အစီအမံများကို ရေတိုရေရှည်စီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ အစိုးရအဖွဲ့အနေဖြင့် နိုင်ငံအသွင်ကူးပြောင်းရေး၊ နိုင်ငံတော်သစ် တည်ဆောက်ရေးနှင့် မြန်မာ့လူ့အဖွဲ့အစည်းတစ်ခုလုံး မြင့်တက်လာရေးစသည့် တာဝန်ကြီး(၃)ရပ်ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားပြီး ဗီယက်နမ်နိုင်ငံသမ္မတနှင့် ပြည်သူများအတွက် ဆုတောင်းပတ္ထနာပြုသည်။

ထို့နောက် နှစ်နိုင်ငံ သမ္မတတို့သည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ဗီယက်နမ်ယဉ်ကျေးမှုအဖွဲ့က တေးသံသာများနှင့် အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတတို့သည် ဗီယက်နမ် ယဉ်ကျေးမှုအဖွဲ့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးအား တွေ့ဆုံနှုတ်ဆက်

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး Mr. Nguyen Phu Trong အား ဟနွိုင်းမြို့ရှိ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဌာနချုပ် Main Hall ၌ တွေ့ဆုံစဉ်။** (သတင်းစဉ်)



**နေပြည်တော် မတ် ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး Mr. Nguyen Phu Trong အား မတ် ၂၀ ရက် ညနေ ၄ နာရီ မိနစ် ၅၀ တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဌာနချုပ် Main Hall ၌ တွေ့ဆုံနှုတ်ဆက်သည်။

တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးတို့ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးနှင့်အတူ တာဝန်ရှိ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာ၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်စေပြီး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေနိုင်မည့် အခြေအနေများ၊ သမိုင်းကြောင်းနောက်ခံအရ ချစ်ကြည်ရင်းနှီးမှုရှိခဲ့သည့် ဆက်ဆံရေးအခြေအနေများ၊ မြန်မာအစိုးရအဖွဲ့သစ်၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အပါအဝင် အပြုသဘောဆောင်သည့် ပြုပြင်ပြောင်းလဲဖော်ဆောင်မှုများ၊ ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုအောက်တွင် ဗီယက်နမ်နိုင်ငံနှင့်ပြည်သူများ ငြိမ်းချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများ၊ နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်ပြီး အနာဂတ်တွင် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ချစ်ခင်ရင်းနှီးစွာ ဆွေးနွေးပြောကြားကြပြီး နိုင်ငံတော်သမ္မတက ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးအား အခြေအနေပေးပါက မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ခဲ့သည်။

ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးကလည်း နှစ်ဖက်အဆင်ပြေသည့်အချိန်တွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

(သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး Mr. Nguyen Phu Trong နှင့်အဖွဲ့ဝင်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။**

(သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ အမျိုးသားသူရဲကောင်းနှင့် အာဇာနည်ဗိမာန်နှင့် ဟိုချီမင်းအထိမ်းအမှတ်ဗိမာန်တို့ကို သွားရောက်၍ ပန်းခွေချအလေးပြု

**နေပြည်တော် မတ် ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ လိုက်ပါလျက် မတ် ၂၁ ရက် နံနက် ၈ နာရီ မိနစ် ၄၀ တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ အမျိုးသားသူရဲကောင်းနှင့် အာဇာနည်ဗိမာန်သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Cao Duc Phat၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung နှင့် အမျိုးသားသူရဲကောင်းနှင့် အာဇာနည်ဗိမာန်မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဗိမာန်ရှိ အမျိုးသားသူရဲကောင်းနှင့် အာဇာနည်များ၏ ဗိမာန်၌ ပန်းခွေချအလေးပြုသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် ဟနွိုင်းမြို့ရှိ ဟိုချီမင်းအထိမ်းအမှတ်ဗိမာန်သို့ရောက်ရှိပြီး ဂူဗိမာန်၌ ပန်းခွေချအလေးပြုသည်။

ယင်းနောက် ဗိမာန်အတွင်းရှိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်း၏ ရုပ်ကလာပ်ကို ဂါရဝပြုပြီးနောက် ဗိမာန်မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာသည်။ (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟနွိုင်းမြို့ရှိ ဟိုချီမင်းအထိမ်းအမှတ်ဗိမာန်၌ ပန်းခွေချအလေးပြုစဉ်။**

(သတင်းစဉ်)

## အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် မတ် ၂၃**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် မတ် ၂၄ ရက်မှ ၂၈ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

**✻ ရှေ့ဖုံးမှ**

ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဝဏ္ဏမောင်လွင်၊ ဦးမြင့်လှိုင်၊ ဦးခင်မောင်မြင့်၊ ဦးဝင်းထွန်း၊ ဦးဝင်းမြင့်၊ ဦးတင့်ဆန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတနှင့်အတူ သမ္မတရုံး ဥက္ကဋ္ဌ H.E. Mr. Dao Viet Trung၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Pham Binh Minh၊ စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Cao Duc Phat၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Trinh Dinh Dung၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာကျူးသန်စန်းက အဆွေတော်မြန်မာသမ္မတကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား ဗီယက်နမ်နိုင်ငံမှ ကြိုဆိုပါကြောင်း၊ သမ္မတကြီး၏ခရီးစဉ်မှာ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ရင်းနှီးချစ်ကြည်မှုများကို တိုးတက်ခိုင်မာစေမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပဏာမ နှုတ်ခွန်းဆက်စကားပြောကြားသည်။

၎င်းနောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြပြီး သမိုင်းကြောင်းအရလည်း တူညီကြသည့် နိုင်ငံများဖြစ်ကြပါကြောင်း၊ မိမိ၏ ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုများကို ပိုမို ခိုင်မြဲစေမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ်က အစည်းအဝေးတက်ရောက်ရန် ဗီယက်နမ်နိုင်ငံသို့ (၄)ကြိမ်တိုင် လာရောက်ခဲ့ပါကြောင်း၊ ဗီယက်နမ်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ဗီယက်နမ်နိုင်ငံ တိုးတက်အောင်မြင်မှုများရရှိနေသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား အစိုးရနှင့် ပြည်သူများသာမက တပ်မတော်ချင်းလည်း ချစ်ကြည်ရင်းနှီးမှုများ ရှိခဲ့ပါကြောင်း၊ ယခုခရီးစဉ်တွင် အကြီးအကဲအစဉ်အဆက် နှစ်ပေါင်းများစွာ တည်ဆောက်ခဲ့သည့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ခိုင်မာစေရန် လာရောက်ခြင်းဖြစ်ပါကြောင်းဖြင့် ပဏာမဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဗီယက်နမ်သမ္မတက ပြောကြားရာတွင် အဆွေတော်သမ္မတကြီး၏ ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများကို ပိုမို နက်ရှိုင်းစေပြီး ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများကို တိုးချဲ့နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများကို အထူးအလေးထားပါကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံ၏ တိုးတက်မှုများကို တွေ့ရှိရသည့်အတွက်လည်း ဝမ်းမြောက်မိပါကြောင်း၊ ပြည်သူများ သာယာဝပြောရေးအတွက် ဆက်လက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာ-ဗီယက်နမ်ချစ်ကြည်ရေးကို နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြှင့်တင်နိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံအကြား ခေါင်းဆောင်များအဆင့်သာမက အခြားအဆင့် တာဝန်ရှိပုဂ္ဂိုလ်များအချင်းချင်း တိုးချဲ့ဆက်ဆံနိုင်ရန် မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ဆောင်ရွက်လိုပါကြောင်း။

ထို့ပြင် ကုန်သွယ်ရေးနှင့် စီးပွားရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးချဲ့လိုသည့် ဆန္ဒရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍ သိသိသာသာ တိုးတက်လာသည်နှင့်အညီ မိမိတို့ နှစ်နိုင်ငံအကြား ကုန်သွယ်မှုကဏ္ဍ ဆက်လက် တိုးတက်လာစေရန် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း။

အဆွေတော် ဝန်ကြီးချုပ်ဘဝက ဗီယက်နမ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများအပေါ် အလေးထားကူညီပံ့ပိုးခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်၍လည်း ဗီယက်နမ်ရင်းနှီးမြှုပ်နှံသူများအား အကူအညီများပေးရန် မေတ္တာရပ်ခံပါကြောင်း။

အဓိကအားဖြင့် စိုက်ပျိုးရေး၊ သစ်တောနှင့် သားငါးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လိုသည့်ဆန္ဒများရှိပါကြောင်း၊ အလားတူ ဘဏ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ဆေးဝါးထုတ်လုပ်မှုစသည့် လုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ လက်ရှိအခြေအနေတွင် ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် လေကြောင်း၊ရေကြောင်းမှသာ ကူးသန်းဆက်သွယ်နေရသည်ဖြစ်ရာ နှစ်နိုင်ငံအကြား ကုန်းလမ်းဖောက်လုပ်ရေး အကောင်အထည်ပေါ်ပါက အနာဂတ် ဆက်သွယ်မှုပိုမိုလွယ်ကူလာမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာနယ်ပယ်တွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို မိမိအနေဖြင့် အားရကျေနပ်မိပါကြောင်းနှင့် ပိုမိုမြှင့်တင်ပူးပေါင်းဆောင်ရွက်သွားရန်လည်း အကြံပြုလိုပါကြောင်း၊ လာမည့် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံမှ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့်ကိစ္စကိုလည်း မိမိတို့အနေဖြင့် ဆက်လက်ထောက်ခံပံ့ပိုးကူညီသွားမည်ဟု ထပ်လောင်းပြောကြားလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

၎င်းနောက် နိုင်ငံတော်သမ္မတက ပြောကြားရာတွင် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် ဒေသတွင်း အဖွဲ့အစည်းများဖြစ်သည့် အာဆီယံ၊ ဂျီအမ်အက်စ်၊ အက်ကမက်နှင့် စီအယ်လ်အမ်ဗွီတို့နှင့်ဆက်နွှယ်၍ ပူးပေါင်းဆောင်ရွက်မှုများရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာမှာပါ အပြန်အလှန်ထောက်ခံအားပေးမှုများ ပြုလုပ်လျက်ရှိပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံမှ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူရန်ထောက်ခံပေးခဲ့ခြင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေး၌ မြန်မာနိုင်ငံအပေါ် အမေရိကန်၊ ဥရောပသမဂ္ဂနှင့် အနောက်နိုင်ငံများ၏ တားဆီးပိတ်ပင်မှုများအား ဖယ်ရှားပေးရန် တောင်းဆိုမှုတွင် ဗီယက်နမ်နိုင်ငံက အပြည့်အဝထောက်ခံမှုပြုခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ စီးပွားရေးအရ ကုန်သွယ်မှုတွင် မိမိတို့နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏမြှင့်တင်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံလေကြောင်းလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုများ စတင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကုန်းလမ်းအနေဖြင့် ဗီယက်နမ်နိုင်ငံမှ လာအိုနိုင်ငံကိုဖြတ်၍ မြန်မာနိုင်ငံသို့ ဆက်သွယ်နိုင်ရန် တံတားတစ်စင်း မကြာမီ တည်ဆောက်မည်ဖြစ်ပါကြောင်း၊ အဆိုပါလမ်းကြောင်းမှာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုပြုလုပ်ရာတွင် အနီးဆုံးလမ်းဖြစ်ပြီး နောင်တစ်ချိန်တွင် ရထားလမ်းပါ ပူးတွဲဆောက်လုပ်သွားရန်ရှိပါကြောင်း၊ လာအိုနှင့် မြန်မာနိုင်ငံအကြား မဲခေါင်မြစ်ကူးတံတား တည်ဆောက်ရေးကို မကြာမီစတင်မည်ဖြစ်ပါကြောင်း၊ အဆိုပါ တံတားတည်ဆောက်ရာတွင် ဗီယက်နမ်နိုင်ငံအနေဖြင့်လည်း အကူအညီများ ပေးအပ်စေလိုပါကြောင်း၊ ခရီးသွားလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုမှာ မြန်မာနိုင်ငံတွင် အလားအလာကောင်းလျက်ရှိပါကြောင်း၊ အဆွေတော်သမ္မတကြီး အဆင်ပြေသည့်အချိန်တွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် မိမိအနေဖြင့် ဖိတ်ခေါ်ပါကြောင်း၊ သမ္မတကြီးနှင့်တကွ ပြည်သူများ ကျန်းမာ၊ ချမ်းသာကြစေရန် ဆုမွန်ကောင်း တောင်းပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူးသန်စန်းအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

ထို့နောက် ဗီယက်နမ်သမ္မတက ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား အပြည့်အဝထောက်ခံပါကြောင်း၊ အဆွေတော်၏ ခရီးစဉ်အောင်မြင်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ မိမိအား မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားမှုအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အဆင်ပြေသည့်အချိန်တွင် အစောဆုံး လာရောက်နိုင်ရန် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ အစိုးရအဆင့်မြင့်အရာရှိများအဆင့်သာမက အောက်ခြေလုပ်ငန်းအဆင့် အပြန်အလှန်ချစ်ကြည်ရေးခရီးများစေလွှတ်ပါက နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် နိဂုံးချုပ်ဆွေးနွေးပြောကြားသည်။

(သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းတို့ ဟန္ဒိုင်းမြို့ရှိ ဝန်ကြီးချုပ်ရုံး Main Conference Hall ၌ တွေ့ဆုံစဉ်။**

(သတင်းစဉ်)

**◆ ကျောဖုံးမှ**

တိုးတက်ကောင်းမွန်လျက်ရှိပါကြောင်း၊ အဆွေတော် ယခင်က အကြံပြုပြောကြားခဲ့သည့် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့မှ လာအိုနိုင်ငံသို့ ဖြတ်သန်းပြီး မြန်မာနိုင်ငံသို့ ဆက်သွယ်သည့် မော်တော်ကားလမ်း ဆောက်လုပ်ရေးကိစ္စ အကောင်အထည်ဖော်ရန်၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံအကြား သစ်အချောထည် ထုတ်လုပ်သည့်ကိစ္စများတွင် ပူးပေါင်းဆောင်ရွက်သွားရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှုပမာဏကို တိုးမြှင့်လာစေရေးဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးများအား မိမိ၏ကိုယ်စားလှယ်အဖွဲ့၌ တစ်ပါတည်း ခေါ်ဆောင်လာခဲ့ပါကြောင်း ပြောကြားပြီး အတူလိုက်ပါလာသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

၎င်းနောက် ဗီယက်နမ်ဝန်ကြီးချုပ်က ဗီယက်နမ်ဘက်မှ တက်ရောက်လာသူများနှင့် မိတ်ဆက်ပေးပြီးနောက် မိမိတို့နှစ်နိုင်ငံအကြားတည်ရှိပြီးဖြစ်သည့် ကောင်းမွန်သည့်ဆက်ဆံရေးကို ယခုထက် ပိုမိုမြင့်မားသည့်အဆင့်သို့ရောက်အောင် ဆောင်ရွက်သွားနိုင်ရန်အတွက် အကြံပြုပြောကြားလိုပါကြောင်း၊ ပထမအချက်အနေဖြင့် မြန်မာနှင့် ဗီယက်နမ် နှစ်နိုင်ငံအကြားတွင် နိုင်ငံရေးဆိုင်ရာ၊ သံတမန်ဆိုင်ရာ၊ ပြည်သူ့လုံခြုံရေးဆိုင်ရာ ဆက်ဆံမှုတို့တွင် လက်ရှိဆောင်ရွက်လျက်ရှိသော ဒုတိယဝန်ကြီးအဆင့် ဆွေးနွေးညှိနှိုင်းမှုများအား ပုံမှန်ဆက်လက်ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ ဒုတိယအချက်အနေဖြင့် ဗီယက်နမ်နှင့် မြန်မာနှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် မိမိမြန်မာနိုင်ငံခရီးစဉ် လာရောက်စဉ်ကာလအတွင်းက သဘောတူညီခဲ့သည့် ကဏ္ဍကြီး (၁၂)ရပ်ဆိုင်ရာ စီမံကိန်းများအား ဆောလျင်စွာ အကောင်အထည်ဖော်သွားရန်ဖြစ်ပါကြောင်း၊ ဦးစားပေးဆောင်ရွက်ရမည့် ကဏ္ဍကြီး(၁၂)ရပ်ဆိုင်ရာ စီမံကိန်းများအား ဆောလျင်စွာ အကောင်အထည်ဖော်နိုင်ရန် တွန်းအားပေးဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံလိုပါကြောင်း၊ တတိယအချက်အနေဖြင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးထားသည့် လယ်ယာကဏ္ဍ၊ သစ်တောကဏ္ဍ၊ သားငါးကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စီမံကိန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်ရန် ဗီယက်နမ်ကုမ္ပဏီများအနေဖြင့် များစွာစိတ်အားထက်သန်လျက်ရှိပါကြောင်း၊ အကောင်အထည်ဖော်ရန်လည်း လိုအပ်လျက်ရှိပါကြောင်း။

စတုတ္ထအချက်အနေဖြင့် မြန်မာနိုင်ငံဗဟိုဘဏ်နှင့် ဗီယက်နမ်နိုင်ငံ ဘဏ်များအကြား ဆွေးနွေးလျက်ရှိသည့် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဘဏ်များ မြန်မာနိုင်ငံ၌ ဖွင့်လှစ်ရေးကိစ္စအား ဆောင်ရွက်ခွင့်ပြုရန် မေတ္တာရပ်ခံလိုပါကြောင်း။

၎င်းကဏ္ဍများအပြင် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား လေကြောင်းသွားလာရေးဆိုင်ရာ၊ ဆေးဝါးထုတ်လုပ်မှုဆိုင်ရာ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးဆိုင်ရာ၊ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ ပစ္စည်းများထုတ်လုပ်ခြင်း၊ လူသုံးကုန်ပစ္စည်းများ **စာမျက်နှာ ၉ ကော်လံ ၃ သို့ ❒**

**☆ နိုင်ငံတော်သမ္မတမှ**

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

## ပထမအကြိမ် ကယားပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

**နေပြည်တော် မတ် ၂၃**

ပထမအကြိမ် ကယားပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၉ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၁၂ ခုနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကြမ်းအား အတည်ပြုချက်ရယူခြင်း၊ တတိယနေ့အစည်းအဝေးတွင် တင်သွင်းခဲ့သော အဆို(၃)ခုအား အကြံပြုဆွေးနွေးခြင်း၊ ရှင်းလင်းတင်ပြခြင်း၊ အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်ပြီး အစည်းအဝေးကို နံနက် ၁၁ နာရီတွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၄-၃-၂၀၁၂ (စနေနေ့)

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၁း၅၅ "နှုတ်မြိန်ဖွယ်ရာချစ်ဟင်းလျာ"

၂း၀၀ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက်ဘတ်ဂျောင်ဂွန်း" (အပိုင်း-၆၀)**

၄း၃၀ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (သင်္ချာအထူးပြု)(သင်္ချာ)

၆း၂၀ "အနုပညာရှင်နှင့် ရင်ခုန်စရာညချမ်း" (ချစ်သုဝေ)

၆း၅၀ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ချိုချိုကြင်နာပို" (အပိုင်း-၂၃)**

၇း၄၅ "စိတ်အားထက်သန်ဆန္ဒအမှန်" (လူမင်း၊ ဖိုးသောကြာ၊ မိုးဒီ၊ ရှက်တယ်၊ နန္ဒာလှိုင်) (မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ စီစဉ်တင်ဆက်သည်)

၈း၀၀ ပြည်တွင်းသတင်း -နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် -"ဘယ်လိုမဲပေးကြမလဲ" (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ) **-ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၁၀၂) -နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်ပွင့်လေးရဲ့ဒိုင်ယာရီ" (အပိုင်း-၂၅)** -ဂီတတံခါးလေးဖွင့်ပါဦး

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအား တွေ့ဆုံနှုတ်ဆက်

နေပြည်တော် မတ် ၂၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Mr. Nguyen Sinh Hung အား မတ် ၂၁ ရက် နံနက် ၉ နာရီတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ အမျိုးသားလွှတ်တော်ရုံး၌ တွေ့ဆုံနှုတ်ဆက်သည်။**

တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ လွှတ်တော်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် နားလည်ယုံကြည်မှုများ ပိုမိုတိုးတက်ခိုင်မြဲစေပြီး ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် အပြန်အလှန်ထောက်ခံအားပေး ပံ့ပိုးကူညီရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲ ကျင့်သုံးမှုအတွေ့အကြုံများနှင့် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေး ပြုပြင်ပြောင်းလဲမှုအတွေ့အကြုံများ အပြန်အလှန်ဖလှယ်ဝေမျှ ဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကျိုးစီးပွားအတွက် ကဏ္ဍစုံပူးပေါင်း ဆောင်ရွက်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံ၌ ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံလွှတ်တော်နှင့် ဗီယက်နမ်လွှတ်တော်တို့အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရှင်သန်အောင် ဖော်ဆောင်သွားရေး၊ နှစ်နိုင်ငံ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း ပိုမိုပူးပေါင်း ဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံပြည်သူများအကြား ထိတွေ့ဆက်ဆံရင်းနှီးမှုမြှင့်တင်ရေး၊ နှစ်နိုင်ငံလွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး အနာဂတ်တွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

(သတင်းစဉ်)



### တွေ့ဆုံနှုတ်ဆက်

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Mr. Nguyen Sinh Hung အား ဟနွိုင်းမြို့ရှိ အမျိုးသားလွှတ်တော်ရုံး၌ တွေ့ဆုံနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

# ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် မတ် ၂၃

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်(၅၁၀)ဦးတို့ တက်ရောက်ကြသည်။**

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေ၏ **"အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့အား နိုင်ငံတော်အစိုးရအဖွဲ့၊ စီးပွားရေးအဖွဲ့အစည်းအဖြစ် သတ်မှတ်ထားရှိမှုကို ပြန်လည်ပြင်ဆင်ပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"**အဆိုနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက လူမှုဖူလုံရေးဥပဒေကို ၁၉၅၄ ခုနှစ်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ထိုဥပဒေအရ ၁၉၅၅-၁၉၅၆ ခုနှစ်မှစတင်၍ လူမှုဖူလုံရေးအဖွဲ့ကို ဖွဲ့စည်း၍ လူမှုဖူလုံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး လူမှုဖူလုံရေးအဖွဲ့သည် ၁၉၆၃ ခုနှစ်အထိ မိမိကိုယ်ပိုင်ငွေဖြင့် ရပ်တည်ခဲ့ပါကြောင်း၊ ၁၉၆၃ ခုနှစ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေအသစ် ပြဋ္ဌာန်းပြီးနောက် အဆိုပါဥပဒေသစ်အရ နိုင်ငံတော်၏ အဖွဲ့အစည်းများဖြစ်သော ဦးစီးဌာနများအားလုံး၊ ဘုတ်ကော်ပိုရေးရှင်းများအားလုံး၊ စည်ပင်သာယာရေးအဖွဲ့များအားလုံးတို့အား ၁-၁၀-၁၉၆၃ ခုနှစ်မှစ၍ တလုံးတစည်းတည်းသော ပြည်သူ့ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သီးခြားရန်ပုံငွေများမထားရှိဘဲ တစ်ခုတည်းသော ပြည်သူ့ဘဏ္ဍာရန်ပုံငွေကိုသာ ထားရှိရပြီး အဖွဲ့အစည်းများသည် အစိုးရထံမှ သီးခြားခွင့်ပြုချက်မရရှိလျှင် မည်သည့် သီးသန့်ရန်ပုံငွေစာရင်းကိုမှ ထားရှိဖွင့်လှစ်ခြင်းပြုလုပ်၍ မရပါကြောင်း။

၁၉၇၆-၁၉၇၇ ခုနှစ်မှစ၍ အလုပ်သမားဝန်ကြီးဌာနအောက်ရှိ လူမှုဖူလုံရေးအဖွဲ့အား နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းအဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ လူမှုဖူလုံရေးအဖွဲ့အပါအဝင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ၁၉၈၈ ခုနှစ် မတိုင်မီကာလအထိ မိမိကိုယ်ပိုင်ငွေဖြင့် ရပ်တည်ဆောင်ရွက်နေရာမှ ၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်အသစ်ဖြင့် ပြောင်းလဲဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေကို ပေးသွင်းပြီး သုံးငွေများကို ရသုံးမှန်းခြေငွေစာရင်းလျာထားချက်ဘောင်အတွင်း တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲခဲ့ပါကြောင်း။

ယခုလွှတ်တော်သို့ တင်သွင်းထားသည့် လူမှုဖူလုံရေးဥပဒေသစ်မူကြမ်းတွင် အလုပ်ရှင်နှင့် အလုပ်သမားတို့၏ ထည့်ဝင်ကြေးများနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေများဖြင့် လူမှုဖူလုံရေးရန်ပုံငွေထူထောင်ရမည်ဟူ၍ လည်းကောင်း၊ လူမှုဖူလုံရေးရန်ပုံငွေသည် အာမခံထားသူ အလုပ်သမားများ၏ ထည့်ဝင်စုဆောင်းထားသော ငွေများဖြစ်၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ရငွေအဖြစ် လွှဲပြောင်းပေးသွင်းခြင်း မပြုရဟူ၍ လည်းကောင်း ဖော်ပြထားပါကြောင်း။

လူမှုဖူလုံရေးအဖွဲ့သည် အလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊ အလုပ်တွင် ထိခိုက်ဒဏ်ရာရရှိမှုနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်များရရှိရန်၊ သက်ပြည့်အငြိမ်းစားယူသူ အကျိုးခံစားခွင့်နှင့် ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်များ ရရှိရန်ရည်ရွယ်၍ ဖွဲ့စည်းထားသောအဖွဲ့ဖြစ်သဖြင့် လူမှုဖူလုံရေးအဖွဲ့ကို စီးပွားရေးအဖွဲ့အစည်းအဖြစ် သတ်မှတ်ခြင်းအား ပြန်လည်ပြင်ဆင်သတ်မှတ်ပေးရန် လိုအပ်ပါက လူမှုဖူလုံရေးအဖွဲ့အား အနီးကပ်ကြီးကြပ်ဆောင်ရွက်နေသည့် အလုပ်သမားဝန်ကြီးဌာနမှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားနိုင်ပါကြောင်း၊ ထို့ကြောင့် ယခုတင်သွင်းသည့်အဆိုမှာ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ဆက်လက်ဆောင်ရွက်နိုင်သည့် ကိစ္စရပ်ဖြစ်သည့်အတွက် အဆိုကို ပြန်လည်ရုပ်သိမ်းပေးပါရန် တိုက်တွန်းလိုကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ ကန့်ကွက်မဲများသည့်အတွက် လွှတ်တော်က အဆိုအတည်မပြုကြောင်း ဆုံးဖြတ်သည်။



**ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။**

(သတင်းစဉ်)

ထို့နောက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုခဲ့သည့် **အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းနှင့် မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေကြမ်း**တို့ကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်သည်။

ဆက်လက်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ပြင်ဆင်ချက်အဆိုနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် ပြည်ထောင်စုလွှတ်တော်၏အဆုံးအဖြတ်ကို ရယူသည်။

ထို့နောက် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဒေါက်တာမြတ်ဉာဏစိုးက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၂ နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုများအပေါ် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြန်လည်စိစစ်တင်ပြချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ယင်းဥပဒေကြမ်း အပိုဒ် ၂ နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုကို လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲများသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း** တစ်ရပ်လုံးအား အတည်ပြုရန် အဆိုတင်သွင်းသည်။

အဆိုကို အမရပူရ မဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက ထောက်ခံဆွေးနွေးပြီး ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆောင်ရွက်ချက်အချို့နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံမှ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားရာတွင် နိုင်ငံတော်၏ အုပ်ချုပ်ရေးတာဝန်ကို ထမ်းဆောင်လျက်ရှိသော ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါကိစ္စများကို စိတ်ကောင်းစေတနာကောင်းဖြင့် ဆောင်ရွက်ခဲ့သော်လည်း ဥပဒေနှင့်ညီညွတ်မှု ရှိ၊ မရှိ စိစစ်ရန်လိုအပ်မည်ဟု ယူဆပါကြောင်း၊ အဆိုပါကိစ္စရပ်များမှာ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ ချီးမြှင့်ငွေခံစားရေးအတွက် ဥပဒေဖြင့် အတိအကျပြဋ္ဌာန်းသတ်မှတ်ပေးခဲ့သော်လည်း ယင်းပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ လစာများကို ဥပဒေအရ သတ်မှတ်ချက်အတိုင်းမဟုတ်ဘဲ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်က သတ်မှတ်ချက်အတိုင်း လျှော့ပေါ့ခံစားနေခြင်း၊ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများကို တိုးမြှင့်ပေးခဲ့ခြင်း၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းပြီး ထိုကော်မရှင်ကို ဗဟိုအဆင့်အဖွဲ့အစည်းအဖြစ် သတ်မှတ်ခြင်းနှင့် ကော်မရှင်အတွက် ငွေကြေးသုံးစွဲရန် ဘတ်ဂျက်ဥပဒေကြမ်းတွင် ထည့်သွင်းဖော်ပြထားခြင်းတို့ဖြစ်ပါကြောင်း။

အထက်ဖော်ပြပါ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခြားတည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ စိစစ်ပေးပါရန်၊ ဥပဒေနှင့်အညီ ဆောင်ရွက်ထားခြင်းမရှိပါက ဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် ပြည်ထောင်စုလွှတ်တော်က ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း။

နိုင်ငံတော်အစိုးရ အုပ်ချုပ်ရေးအဖွဲ့နှင့် နိုင်ငံတော်အစိုးရ ဥပဒေပြုအဖွဲ့ဖြစ်သော လွှတ်တော်များ၏ ဆောင်ရွက်ချက်များသည် တရားဥပဒေစိုးမိုးရေးကို အလေးထားဖော်ဆောင်နေကြောင်းကို ပေါ်လွင်ရမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးအဖွဲ့နှင့် လွှတ်တော်တို့၏ ဥပဒေနှင့်အညီ အစဉ်ပူးပေါင်းဆောင်ရွက်နေမှုများက နိုင်ငံနှင့် ပြည်သူတို့အတွက် ရှေ့ဆောင်လမ်းပြ သာဓကယူဖွယ်၊ စံနမူနာပြအဖြစ် ပြသနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဖော်ပြပါကိစ္စရပ်များအား သုံးသပ်ဆောင်ရွက်နိုင်ပါရန် သဝဏ်လွှာပေးပို့အပ်ပါကြောင်းဖြင့် ဖတ်ကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကထံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပေးပို့သော သဝဏ်လွှာအပေါ် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးမြညိမ်းက ဖတ်ကြားတင်ပြသည်။

ယင်းအစီရင်ခံစာအား လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ အတည်ပြုကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးကို နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် ပြီးဆုံးကြောင်းနှင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ရပ်နားလိုက်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် မတ် ၂၃

**ယနေ့ ပြည်သူ့လွှတ်တော် အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် လွှတ်တော်ကိုယ်စားလှယ်(၃၂၅)ဦးတို့ တက်ရောက်ကြသည်။**

အစည်းအဝေး၌ အဆို(၁)ခုဆွေးနွေးခြင်း၊ ဥပဒေကြမ်း(၁)ခုအတည်ပြုခြင်းနှင့် လွှတ်တော်ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

**အဆိုဆွေးနွေးခြင်းကဏ္ဍ**၌ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းထားသည့် **ကညနအပါအဝင် မော်တော်ယာဉ် တင်သွင်းမှုဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများအား ယာယီယာဉ်မှတ်ပုံတင်ခကို လိုင်စင်မဲ့တရားမဝင်ယာဉ်များကဲ့သို့ ဒဏ်ကြေးသဖွယ် ကျင့်သုံးနေသည့် လုပ်ထုံးလုပ်နည်းများအား ရပ်ဆိုင်းကာ ဥပဒေနှင့်အညီ ပြန်လည်သုံးသပ်ဆောင်ရွက်နိုင်ပါရန်တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်မော်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် တွဲဖက်အတွင်းရေးမှူး သူရဦးသောင်းလွင်တို့က ဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးရာတွင် ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်းက ဘယ်မောင်းဖြစ်ရမည်ဟူ၍ ကန့်သတ်ချက်မပြုဘဲ ဘယ်မောင်းဖြစ်စေ၊ ညာမောင်းဖြစ်စေ မော်တော်ယာဉ်အားလုံးကို တင်သွင်းခွင့်ပြုရန်၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကိုသွားရာတွင် မြန်မာနိုင်ငံ၌ ရှိပြီးသားဖြစ်သည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်နှင့် ပူးပေါင်းပြီး ရင်းနှီးမြှုပ်နှံမှု အသစ်ထပ်မံပြုလုပ်ရန် မျှော်လင့်စောင့်စားနေသော SUZUKI ကုမ္ပဏီကို အမြန်ဆုံး ဦးစားပေး ခွင့်ပြုဆောင်ရွက်ပေးသင့်ကြောင်းနှင့် ယာယီမှတ်ပုံတင်ခအား လိုင်စင်မဲ့ တရားမဝင်ယာဉ်များကဲ့သို့ ဒဏ်ကြေးသဖွယ်ကျင့်သုံးကောက်ခံနေသည့် လုပ်ထုံးလုပ်နည်းအား ရပ်ဆိုင်းကာ ဥပဒေနှင့်အညီ ပြန်လည်သုံးသပ်၍ဆောင်ရွက်ရန်ဟူ၍ အဆိုပြုတင်ပြခဲ့ပါကြောင်း။

အဆိုနှင့်ပတ်သက်၍ ၂၀၁၂ ခုနှစ် မတ်လ ၁ ရက်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ဆွေးနွေးခဲ့ကြပါကြောင်း၊ ထိုသို့ဆွေးနွေးရာတွင် မော်တော်ယာဉ်အားလုံး တင်သွင်းခွင့်ပြုရန်ကိစ္စနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ပြန်လည်ညှိနှိုင်းဆွေးနွေးကာ အကြောင်းပြန်ပေးမည်ဖြစ်ကြောင်း၊ SUZUKI ကုမ္ပဏီကို ဦးစားပေး ခွင့်ပြုပေးရန်ကိစ္စနှင့် စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့ ဆက်သွယ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ယာယီယာဉ်မှတ်ပုံတင်ခ ကောက်ခံနေမှုနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ဝန်ကြီးဌာနအတွင်း ပြန်လည်ဆွေးနွေးပြီး အကြောင်းပြန်ကြားမည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးခဲ့ကြပါကြောင်း၊ ယာယီယာဉ်မှတ်ပုံတင်ခ ကောက်ခံနေသည့်စနစ်မှာ ဥပဒေနှင့်မညီညွတ်သည့်အတွက် ချက်ချင်းရပ်ဆိုင်းရမည် ဖြစ်ပါကြောင်း၊ ရငွေအဖြစ် မျှော်မှန်းရေးဆွဲထားသော ဘတ်ဂျက်အပိုင်းတွင်လည်း ခက်ခဲရှုပ်ထွေးလာနိုင်သည်ကိုလည်း တွေ့ရပါကြောင်း၊ အိမ်နီးချင်းနှင့် အခြားနိုင်ငံများတွင်လည်း လမ်းကောက်ခံကျင့်သုံးသည့်စနစ် ရှိသည့်အတွက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဘက်မှ အမြန်ဆုံးလေ့လာပြီး ဥပဒေပြုကာ ဆောင်ရွက်သင့်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် တရားဝင်ကောက်ခံရေးအတွက် ဥပဒေနှင့်အညီဖြစ်စေရန် ဆောင်ရွက်ရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မည်သည့်ယာဉ်ကိုမဆို စတင်မှတ်ပုံတင်ဆောင်ရွက်ပါက တည်ဆဲဥပဒေဖြစ်သည့် ၁၉၆၄ မော်တော်ယာဉ်ဥပဒေနှင့် ၁၉၈၉ မော်တော်ယာဉ်နည်းဥပဒေများနှင့်အညီ အများပြည်သူအတွက်ရော နိုင်ငံတော်အတွက်ပါ အမှန်တကယ် အကျိုးရှိစေနိုင်မည့်အခြေအနေကို ချင့်ချိန်သုံးသပ်၍ ယာဉ်အမျိုးအစားအလိုက် သင့်တော်သော ရာခိုင်နှုန်းကိုသာ သတ်မှတ်ကောက်ခံခဲ့ခြင်း ဖြစ်ပါကြောင်း၊ အခြားနိုင်ငံများတွင်လည်း ယာဉ်တင်သွင်းမှုနှင့် ပတ်သက်၍ အခွန်အခများ ကောက်ခံကျင့်သုံးလျက်ရှိပါကြောင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ရရှိလာသော အခွန်ငွေများအားလုံးကို နိုင်ငံတော်ဘဏ္ဍာသို့ စနစ်တကျပေးသွင်းလျက် ရှိနေပါကြောင်း၊ အခွန်ငွေကောက်ခံရရှိမှုသည် ဦးစီးဌာနအကျိုးအတွက်မဟုတ်ဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ရေရှည်အကျိုးကိုရှေးရှု၍ နိုင်ငံ့ဘဏ္ဍာရရှိရေးကိုသာ ဦးတည်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနှင့်ညှိနှိုင်းကာ ယခင်က ကားတန်ဖိုးထက် ၃/၄ ဆခန့် မြင့်မားသော ဈေးနှုန်းများကို လျှော့ချနိုင်ရန်စီမံပြီး အခွန်ထမ်းဆောင်နိုင်မည့် မော်တော်ယာဉ်ဘက်မှသာ တစ်နည်းတစ်လမ်းဖြင့် ရယူ၍ နိုင်ငံတော်၏ဘဏ္ဍာငွေကို ပေးသွင်းခြင်းသာဖြစ်ပါကြောင်း။

အဆိုတွင်ပါရှိသည့် "ယာယီမှတ်ပုံတင်ခ"သည် (၃)လတာကာလအတွက် ဒဏ်ငွေအဖြစ် ကောက်ခံခြင်းဟူ၍ သဘောမျိုးဖြစ်ပါက "ယာယီမှတ်ပုံတင်ခ"ဟု သတ်မှတ်ကောက်ခံခြင်းအား ရပ်စဲမည်ဖြစ်ပါကြောင်း၊ ၎င်းအစား ၁၉၆၄ မော်တော်ယာဉ် ဥပဒေပုဒ်မ ၄ အရ လည်းကောင်း၊ ၁၉၈၉ မော်တော်ယာဉ်နည်းဥပဒေ ၄ အရ လည်းကောင်း၊ ဗဟိုမှတ်ပုံတင်အဖွဲ့၌ မှတ်ပုံတင်ရမည့်ယာဉ်များ မှတ်ပုံတင်ခ၌ အကောက်ခွန်ဦးစီးဌာနမှ တွက်ချက်သည့် CIF တန်ဖိုးအပေါ်မှ FOB နှုန်းအား တွက်ချက်ရယူပြီး အင်ဂျင်ပါဝါစီစီအလိုက် ခွဲခြား၍ နိုင်ငံတကာနည်းတူ ကောက်ခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဘယ်/ညာ စတီရာရင်ကိစ္စနှင့်ပတ်သက်၍ Vienna Convention (1986) ၌ မြန်မာနိုင်ငံက လက်မှတ်ရေးထိုးခြင်းမရှိသော်လည်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် အဆိုပါ Convention ပါ ယာဉ်သွားလာမှု စည်းမျဉ်းစည်းကမ်းအတိုင်းကိုးကား၍ ၁၉၇၀ ခုနှစ် နိုဝင်ဘာ ၇ ရက်မှစ၍ လက်ယာကားမောင်းစနစ်ကို ကျင့်သုံးပါကြောင်း၊ ၁၉၈၉ ခု မော်တော်ယာဉ်နည်းဥပဒေ၌လည်း ထည့်သွင်းပြဋ္ဌာန်းဆောင်ရွက်ခဲ့ပါကြောင်း၊ လက်ယာကပ်မောင်းစနစ်ကျင့်သုံးသော်လည်း ညာစတီရာရင်တပ်ဆင်ထားသော ကားအမြောက်အမြားရှိနေသော နိုင်ငံစာရင်းတွင် အာဖဂန်နစ္စတန်၊ မြန်မာ၊ ရုရှားအရှေ့ပိုင်းနိုင်ငံများ ရှိနေကြောင်း ကုလသမဂ္ဂကထုတ်ပြန်သည့်စာရင်းများအရ သိရှိရပါကြောင်း။

သို့ပါ၍ ကုန်စည်စီးဆင်းမှုပိုမိုဆောင်ရွက်နိုင်ရန်အတွက် ကုန်တင်ကားများကို စတီရာရင် ဘယ်/ညာ မခွဲခြားဘဲ အချိန်အတိုင်းအတာတစ်ခုအထိ တင်သွင်းခွင့်ပြုမည်ဖြစ်ပြီး ဘတ်စ်ကားများကို လက်ရှိအတိုင်း အသစ်ဝယ်ယူပါက ဘယ်မောင်းများကိုသာ တင်သွင်းခွင့်ပြုသွားမည် ဖြစ်ပါကြောင်း၊ ဘတ်စ်ကားများ လက်ယာဘက်မောင်းစနစ်တွင် ခရီးသည်များအပေါ် အန္တရာယ်ရှိနိုင်ခြင်းကြောင့် လည်းကောင်း၊ နိုင်ငံတကာနှင့် Inline ဖြစ်သည့်စနစ်တစ်ခု၌ ရှိသင့်ရှိထိုက်သော သတ်မှတ်ချက်များဖြစ်၍ လည်းကောင်း ဘယ်မောင်းများကိုသာ တင်သွင်းခွင့်ပြုသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ အစီအစဉ်မဟုတ်ဘဲ ဝန်ကြီးဌာန၏ မူလအစီအစဉ်အရ ထရပ်ကားနှင့်ဘတ်စ်ကားများကို တင်သွင်းခွင့်လိုင်စင်များ ထုတ်ပေးလျက်ရှိပါကြောင်း၊ ထိုသို့ ထုတ်ပေးရာတွင် ဘယ်မောင်း/ညာမောင်းကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများက ညွှန်ကြားထားသည့်အတိုင်း ဘယ်မောင်းကိုခွင့်ပြုပေးနေသည့် အနေအထား ဖြစ်ပါကြောင်း၊ အကယ်၍ ခွင့်ပြုပေးနေသည့် ယာဉ်အမျိုးအစားအလိုက် ခွင့်ပြုသည့်အကြောင်းကြားစာ ရရှိပါက ၎င်းအတိုင်း လိုက်နာဆောင်ရွက်ပေးရန် အသင့်ရှိပါကြောင်းဖြင့် ဆွေးနွေးသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်မော်က ဌာနအနေဖြင့် အခွန်အရပ်ရပ်ကောက်ခံမှုတွင် အများသုံးကားဖြစ်သည့် ထရပ်ကားနှင့် ဘတ်စ်ကားများကို (၅)ရာခိုင်နှုန်းဖြင့် အခွန်ကောက်ခံသွားမည်ဖြစ်ပြီး အိမ်သုံးကားများကိုမူ (၂၅)ရာခိုင်နှုန်းဖြင့် ဆက်လက်ကောက်ခံသွားမည်ဖြစ်ပါကြောင်းနှင့် ပြုပြင်ပြောင်းလဲမှုမရှိပါကြောင်းဖြင့် ဆွေးနွေးသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် တွဲဖက်အတွင်းရေးမှူး သူရဦးသောင်းလွင်က SUZUKI မော်တော်ယာဉ်များ ဆက်လက်ထုတ်လုပ်နိုင်ရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးသို့တင်ပြပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ စဉ်းစားဆုံးဖြတ်သွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

အဆိုတင်သွင်းခဲ့သည့် ဦးမောင်မောင်သိမ်းက ပြန်လည်ဆွေးနွေးရာတွင် အဆိုပြုတင်ပြချက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများက ဥပဒေနှင့်အညီ ဆောင်ရွက်ပေးမည်ဟု ဖြေကြားခဲ့သည့်အတွက် ဖြေကြားချက်များအပေါ် လက်ခံပါကြောင်း၊ ထို့ကြောင့် အဆိုကို ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတင်ဆောင်ရွက်ပေးစေလိုပါကြောင်းဖြင့်တင်ပြရာ ယခုကိစ္စသည် သီးခြားမဲခွဲဆုံးဖြတ်စရာမလိုဘဲ အဆိုကို လွှတ်တော်၌ မှတ်တမ်းတင်ထားရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်မည့်ကိစ္စကို လွှတ်တော်အနေဖြင့် စောင့်ကြည့်ထိန်းညှိ ကူညီပေးသွားမည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

**ဥပဒေကြမ်းအတည်ပြုခြင်းကဏ္ဍ**၌ အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့် ပေးပို့ခဲ့သည့် **၁၉၅၅ ခုနှစ် အစိုးရအိမ်ဥပစာ(နှင့်ထုတ်ခြင်း)အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကော်မတီ၏အစီရင်ခံစာကို တင်သွင်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်(၁၀)ချက်အပေါ် ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက် အဆိုတင်သွင်းခြင်းမရှိဘဲ ဥပဒေကြမ်းကော်မတီက အပိုဒ် ၂(က)နှင့်စပ်လျဉ်း၍ သီးခြားပြင်ဆင်ချက်အဆို တင်သွင်းခဲ့သဖြင့် ၎င်းပြင်ဆင်ချက်နှင့် ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုချက် ရယူဆောင်ရွက်သည်။

ယင်းဥပဒေကြမ်းပါ အပိုဒ် ၂(က)နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေက ပြင်ဆင်ချက်အဆိုတင်သွင်းရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်က သဘောတူပါကြောင်းဖြင့် တင်ပြသည်။

သို့ဖြစ်၍ ၎င်းအပိုဒ်ခွဲအား ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်းနှင့် ဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်က သဘောမတူသူ မရှိသည့်အတွက် ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**လွှတ်တော်ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းကဏ္ဍ**၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြောကြားရာတွင် ယခုကျင်းပပြုလုပ်သည့် တတိယပုံမှန်အစည်းအဝေးကို နိုင်ငံတော်၏ အမျိုးသားစီမံကိန်းနှင့်ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်၌ တင်သွင်း၊ ဆွေးနွေး၊ အတည်ပြုနိုင်ရန် အဓိကထား ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သို့သော် ရနိုင်သမျှအချိန်တွင် ပြည်သူ့လွှတ်တော်အစည်းအဝေးများ ကျင်းပခဲ့သည့်အတွက် စတင်ကျင်းပသည့် ဇန်နဝါရီ ၂၆ ရက်မှ ယနေ့အထိ အစည်းအဝေး(၁၈)ကြိမ် ကျင်းပနိုင်ခဲ့ပါကြောင်း၊ ကျင်းပသည့် လွှတ်တော်အစည်းအဝေးများအတွင်း ဆောင်ရွက်နိုင်မှုများမှာ မေးခွန်းပေါင်း(၅၁၃)ခု၊ အဆို(၂၄)ခု တင်သွင်းနိုင်ခဲ့ပါကြောင်း၊ မေးခွန်း၊ အဆို ဆောင်ရွက်ပြီးစီးမှုအနေဖြင့် မေးခွန်းအပိုင်းတွင် စိစစ်ခွင့်ပြုသည့် မေးခွန်း(၅၁၃)ခုအနက် ကြယ်ပွင့်ပြမေးခွန်း နှုတ်ဖြင့် ဖြေဆိုမှု(၁၁၆)ခု၊ ကြယ်ပွင့်ပြမေးခွန်း စာဖြင့်ဖြေကြားမှု(၁၃၆)ခု၊ ကြယ်ပွင့်မပြမေးခွန်း စာဖြင့်ဖြေကြားမှု(၂၅၃)ခု၊ ရုပ်သိမ်းမေးခွန်း(၈)ခု ဖြစ်ပါကြောင်း၊ အဆိုနှင့်ပတ်သက်၍ တင်သွင်းအဆိုပေါင်း(၂၄)ခုအနက် အတည်ပြုအဆို(၁၅)ခု၊ မှတ်တမ်းတင်အဆို(၆)ခု၊ ပြည်ထောင်စုလွှတ်တော်သို့ပေးပို့ အဆို(၁)ခု၊ ရုပ်သိမ်းအဆို(၂)ခု ဖြစ်ပါကြောင်း။

ဥပဒေကြမ်းများ ဆွေးနွေးဆောင်ရွက်နိုင်မှုနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ပါဝင်ဆောင်ရွက်ကြသော ဥပဒေကြမ်း(၃)ခုကို ဥပဒေအဖြစ် ထုတ်ပြန်ကြေညာနိုင်ခဲ့ပါကြောင်း၊ ပြည်သူ့လွှတ်တော်သို့ စတင်တင်သွင်းသည့် ဥပဒေကြမ်း(၁၅)ခုအနက် ဥပဒေအဖြစ်ထုတ်ပြန်ရန် ကျန်(၂)ခု၊ ဆောင်ရွက်ဆဲ(၄)ခု၊ ရုပ်သိမ်း(၂)ခု၊ မှတ်တမ်းတင်(၁)ခု၊ ဆောင်ရွက်ရန်ကျန်(၆)ခု ဖြစ်ပါကြောင်း၊ အမျိုးသားလွှတ်တော်၌ စတင်တင်သွင်းသည့် ဥပဒေကြမ်း(၅)ခုအနက် မိမိတို့လွှတ်တော်က ပါဝင်ဆွေးနွေးဆောင်ရွက်ပြီး ဥပဒေအဖြစ်ထုတ်ပြန်ပြီး (၁)ခု၊ ထုတ်ပြန်ရန်ကျန်(၂)ခုနှင့် ဆောင်ရွက်ဆဲ(၂)ခု ဖြစ်ပါကြောင်း၊ ထို့ကြောင့် စာရင်းချုပ်ပါက စုစုပေါင်းတင်သွင်း(၂၃)ခုအနက် ထုတ်ပြန်ပြီး(၄)ခု၊ ထုတ်ပြန်ရန်ကျန်(၄)ခု၊ ဆောင်ရွက်ဆဲ (၆)ခု၊ ရုပ်သိမ်း(၂)ခု၊ မှတ်တမ်းတင်(၁)ခုနှင့် ဆောင်ရွက်ရန်ကျန် (၆)ခု ဖြစ်ပါကြောင်း၊ ဆောင်ရွက်ဆဲ(၄)ခုနှင့် ဆောင်ရွက်ရန် ကျန်(၆)ခုတို့ကို လာမည့်အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း။

ရရှိသည့်အချိန်ကာလအတွင်း မေးခွန်း၊ အဆို၊ ဥပဒေကြမ်းများကို ယခုကဲ့သို့ ဆောင်ရွက်နိုင်ခြင်းသည် ဥပဒေကြမ်းကော်မတီအပါအဝင် ကိုယ်စားလှယ်အားလုံး၏ ကြိုးစားအားထုတ်မှုနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ဖြစ်ကြောင်းကိုလည်း အသိအမှတ်ပြုပြောကြားလိုပါကြောင်း၊ မိမိလွှတ်တော်ဥက္ကဋ္ဌအနေဖြင့် ကိုယ်စားလှယ်များ တင်ပြသည့် မေးခွန်း၊ အဆိုများအပြင် ကိုယ်စားလှယ်များ၏ မိမိမဲဆန္ဒ နယ်မြေလူထုအတွက် သီးခြားတင်ပြချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိသည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်ကို အသိပေးပြောကြားလိုပါကြောင်း။

ယခု တတိယပုံမှန်အစည်းအဝေးကာလတွင် လွှတ်တော်ကော်မတီအချို့နှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၌ အဖွဲ့ဝင်များလိုအပ်သလို ပြောင်းလဲ၊ ဖြည့်စွက်တာဝန်ပေးအပ်ဖွဲ့စည်းခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ကော်မတီ၊ ကော်မရှင်တို့၏တာဝန်နှင့် လုပ်ပိုင်ခွင့်တို့တွင် ထပ်မံဖြည့်စွက်ခြင်း၊ ကော်မရှင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်၊ အခွင့်အရေးများနှင့် စပ်လျဉ်း၍ သတ်မှတ်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းကြောင့် လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန် နှစ်ရပ်ဖြစ်သော ဥပဒေပြုရေးတာဝန်နှင့် အပြန်အလှန်ထိန်းကျောင်းရေးတာဝန်ကို တာဝန်ခံဆောင်ရွက်ရမည့် ကော်မတီနှင့်ကော်မရှင်အဖွဲ့များကို များစွာခိုင်မာတောင့်တင်း အားကောင်းစေမည် ဖြစ်ပါကြောင်း။

ထို့အတူ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် "ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့မျှော်လင့်ချက်"များကို အလေးထားဆန်းစစ်ဝေဖန်သုံးသပ် သယ်ဆောင်လာပြီး နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးရှိမည့်မေးခွန်း၊ အဆို၊ ဥပဒေကြမ်းများအဖြစ် တင်ပြဆွေးနွေးပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်သည့် ဥပဒေများပြဋ္ဌာန်းနိုင်ရေး အလေးထား ဆောင်ရွက်ကြရန်လည်း တိုက်တွန်းလိုပါကြောင်း၊ ဤနေရာတွင် လွှတ်တော်က ပြဋ္ဌာန်းပေးလိုက်သော ဥပဒေများကို ထပ်ဆင့်ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲများသည် လွှတ်တော်ကပြဋ္ဌာန်းသည့် ဥပဒေများနှင့် ညီညွတ်မှု ရှိ၊ မရှိ ဆန်းစစ်နေရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်အတွင်းရှိ အဖွဲ့အစည်းအသီးသီးနှင့် နိုင်ငံသားအားလုံးလိုက်နာကျင့်သုံးရေး အပြန်အလှန်ထိန်းကျောင်းကူညီဆောင်ရွက်ရန် တာဝန်ရှိကြောင်းကိုလည်း တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ တိုက်တွန်းတင်ပြချက်များအပေါ် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲမထားဘဲ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ စည်းကမ်းရှိရှိ ပူးပေါင်းဆောင်ရွက်ပေးသည့်အတွက် မျှော်လင့်ထားသည်ထက် ပိုမိုအောင်မြင်ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်အတွက် အလွန်အရေးကြီးသည့် အမျိုးသားစီမံကိန်းနှင့် ဘတ်ဂျက်ဥပဒေကြမ်းကောင်းပေါ်ထွက်လာရေးအတွက် အပင်ပန်းခံပြီး ဝိုင်းဝန်းအကြံပေး ဆွေးနွေးပြုပြင်ပေးခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းကိုလည်း ပြောကြားလိုပါကြောင်း။

လွှတ်တော်ကို ထပ်မံတင်ပြလိုသည်မှာ လွှတ်တော်၏ အဓိကတာဝန်ပိုင်းဖြစ်သည့် ဥပဒေပြုရေး ဖြစ်ပါကြောင်း၊ ဤတာဝန်ကို ထမ်းဆောင်ရာတွင် လွှတ်တော်ကိုတာဝန်ခံရမည့် လွှတ်တော်ကော်မတီများ၊ ကော်မရှင်များသည် ၎င်းတို့နှင့်သက်ဆိုင်သော နယ်ပယ်ကဏ္ဍအသီးသီးအတွက် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများကို လေ့လာသုံးသပ်ပြီး ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ရေးဆွဲရန်တို့အတွက် သက်ဆိုင်ရာပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအသီးသီးတို့နှင့် တိုင်ပင်ညှိနှိုင်းကူညီဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ဥပဒေတစ်ရပ်သည် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွား ကာကွယ်စောင့်ရှောက်နိုင်ခြင်း ရှိ၊ မရှိ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့် မိမိတို့နိုင်ငံက လက်ခံကျင့်သုံးနေသော Convention များ၊ Treaty များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိတို့ကို လေ့လာသုံးသပ်ပြီးမှ အလေးအနက်ထား စဉ်းစားဆောင်ရွက်ရမည်ဖြစ်သည်ကို တင်ပြလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့ကိုယ်စားလှယ်များဖြစ်ကြသည်နှင့်အညီ မဲဆန္ဒရှင်ပြည်သူများအကျိုး၊ နိုင်ငံတော်အကျိုးကို အမြဲဦးထိပ်ပန်ဆင်ပြီး ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေများကို လေးစားလိုက်နာပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မိမိတို့ကိုယ်စားလှယ်များသည် နိုင်ငံတော်နှင့် ပြည်သူများအပေါ် သစ္စာရှိသော၊ တာဝန်ကျေပွန်သော နိုင်ငံ့သားကောင်း ပြည်သူ့ကိုယ်စားလှယ်များအဖြစ် ရပ်တည်ဆောင်ရွက်သွားရေးအတွက် အလေးအနက် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် အောင်မြင်စွာ ကျင်းပပြီးစီးကြောင်းနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ခေတ္တရပ်နားမည်ဖြစ်ကြောင်း၊ အရေးတကြီး ဆုံးဖြတ်ရန်ကိစ္စများ ပေါ်ပေါက်လာနိုင်သည့်အတွက် ယခု ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေးကို ဧပြီ ၂၃ ရက်တွင် ပြန်လည်ခေါ်ယူရန်ရှိကြောင်းနှင့် ခေါ်ယူရန်မလိုသည့် အခြေအနေဖြစ်ပါက ကိုယ်စားလှယ်များထံ အချိန်မီ အကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ရှမ်းပြည်နယ် ပြည်နယ်/ခရိုင်/မြို့နယ် ကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံ

**နေပြည်တော် မတ် ၂၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးနှင့် ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်နှင့် ကလောမြို့နယ် ကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံပွဲကို မတ် ၂၁ ရက် ညနေ ၃ နာရီတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက အမှာစကားပြောကြားသည်။ ထို့နောက် ကလောမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမှုံနှင့် တောင်ကြီးခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်ဦးတို့က ကြားဖြတ် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို တင်ပြကြပြီး ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးပွင့်က ဖြည့်စွက်ဆွေးနွေး တင်ပြသည်။ ဆက်လက်၍ ပါတီများမှ ကိုယ်စားလှယ်လောင်းများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်နှင့် ကလောမြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီ(၅)ခုမှ ကိုယ်စားလှယ်လောင်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

(၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး

# စွမ်းရည်ဖော်ကျူး အထူးလေးမြတ် ဂုဏ်ပြုအပ်ပါသည်

★ ကျော်မျိုးနောင် ★




**ခိုင်ခံ့သစ်လွင်သော မြစ်ကူးတံတားကြီးပေါ်မှ ဖြတ်သန်းမောင်းနှင်လာသော လူစီးမော်တော်ယာဉ်တစ်စီးသည် ဖြောင့်ဖြူးညီညာသော ကားလမ်းကြီးတစ်ခုပေါ်တွင် အရှိန်မှန်မှန်ဖြင့် မောင်းနှင်ရွေ့လျားနေသည်။ မကြာမီ ထိုမြစ်ကူးတံတားကြီးပေါ်မှပင် ရထားတစ်စင်း ဖြတ်ကျော်ခုတ်မောင်းလာပြန်သည်။ ထိုရထားကြီးက ကားလမ်း၏ ဘေးမှယှဉ်လျက် အတန်ကွာဝေးသောနေရာအထိ ရှိနေရာမှ တစ်ဖက်သို့ ဖြည်းဖြည်းချင်း ချိုးသွားတော့သည်။ ထိုမော်တော်ယာဉ်ကလေးနှင့် ရထားကြီးတို့ လိုရာခရီးသို့ အသီးသီးနှင်နေကြသည်။**

ယခင်က ဤမြစ်ကြီးကို ကားတွေဖြတ်ဖို့ ဇက်ကိုစောင့်ရသည်။ ဇက်ရောက်လာမှ ဆံ့သရွေ့ကားများမြစ်ကမ်းတွင် တင်ကြရသည်။ ပြီးလျှင် မြစ်ကို နာရီဝက်၊ မိနစ် ၄၀ ကြာဖြတ်၊ ဟိုမှာဘက်ကမ်းရောက်တော့ တစ်စီးပြီးတစ်စီး မောင်းပြီးဆင်းကြနှင့် အတော်ပင် အချိန်ပေးရသည်။ ထိုမျှအချိန်တွင် ကားဆိုလျှင် မိုင် ၄၀ လောက်၊ ရထားဆိုလျှင်လည်း မိုင် ၃၀ လောက် ရောက်နေပေပြီ။ ယခင်က စက်လှေနှင့်ဖြတ်လျှင် နာရီဝက်ခန့်ကြာသော်လည်း ယခု မော်တော်ဆိုင်ကယ်ဖြင့်ဖြတ်လျှင် ငါးမိနစ်ခန့်သာကြာပြီး စက်ဘီးနှင့် ဖြတ်ဦးတော့ မိနစ် ၂၀ ထက်မပို။ အရပ်စကားနှင့် ပြောရပါမူ "မြေကြောကျုံ့သွားပြီ" ဟု ဆိုရမည်ဖြစ်သည်။

ဤသို့သော တံတားကြီးများ၊ ကားလမ်းကြီးများ တစ်ခုတည်းမဟုတ်၊ နှစ်ခုတည်းလည်းမဟုတ်၊ အမြောက်အမြား အသစ်အသစ် ပေါ်ထွန်းလာခဲ့ပြီ။

ဆည်တမံကြီးတွေကလည်း ထုထည်ကောင်းကောင်း၊ သိုလှောင်ရေ ပမာဏများများဖြင့် အလျှိုလျှို ခံ့ညားစွာ ပေါ်ပေါက်ခဲ့ပြန်သည်။ ဆည်ရေသောက် စိုက်ပျိုးမြေဧရိယာမြောက်မြားစွာတိုးလာခဲ့ပြီး ရေအားလျှပ်စစ် ထုတ်လုပ်မှုတွေလည်း ဤဆည်ကြီးများထဲက အချို့တွင် ပါဝင်ခဲ့ပြန်ရာ စားရေးသာမက နေရေးကိုပါ အထောက်အကူပြုစေပြီဖြစ်သည်။ ရေသယံဇာတ၊ ရေအရင်းအမြစ်ကို ထိန်းသိမ်းသိုလှောင်ထားနိုင်သဖြင့်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုစေမည့် သစ်ပင်နှင့် တောတောင်များစိမ်းလန်းစိုပြည်ရေးကိုပါ ထိုဆည်ကြီးများက အကျိုးပြုနေပြန်သည်။

ထိုသို့သော ဆည်ကြီးများ၊ ရေအားလျှပ်စစ်စီမံကိန်းများလည်း တစ်ခုမက၊ နှစ်ခုမက များစွာ အသစ်ဖြစ်တည်လာခဲ့ပြီ။

ထိုမျှမက စက်မှုကုန်ထုတ်နိုင်ငံအဖြစ် ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မှ ကြွယ်ဝချမ်းသာလာမည်ကို သိရှိသည်နှင့်အညီ လယ်ယာလုပ်ငန်းသုံးစက်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများ၊ မော်တော်ယာဉ်ထုတ်လုပ်သည့် စက်ရုံများ၊ တည်ဆောက်မှုလုပ်ငန်းသုံး ကုန်ပစ္စည်းများ ထုတ်လုပ်သည့်စက်ရုံများ များစွာ ရှိနေခဲ့ပြီ။

ထိုသို့သော စက်ရုံကြီးများ၊ အလုပ်ရုံကြီးများ တစ်ခုမက၊ နှစ်ခုမက များစွာ ဖြစ်တည်ခဲ့ပြီ။

ပြည်သူတို့၏ မျက်နှာပေါ်တွင် ပြုံးရိပ်များ သန်းနေသည့် အပြုအမူများ၊ သွင်ပြင်လက္ခဏာများကလည်း သွက်လက်တက်ကြွနေသည်။ ထင်မှတ်ထားသည်ထက် ပိုမိုသော၊ မျှော်လင့်ထားသည်ထက် လျင်မြန်သော အပြောင်းအလဲများကို မြင်တွေ့နေရ၍ ဖြစ်သည်။

ထိုပြောင်းလဲမှုများကား တစ်ခုမက၊ နှစ်ခုမက များစွာဖြစ်ပေါ်ခဲ့ပြီ။

**ထိုလမ်းတံတားကြီးများ၊ ဆည်တမံကြီးများ၊ စက်ရုံကြီးများ ပြောင်းလဲမှုအကျိုးတရားများကို မည်သူက အခြေတည်ခဲ့ပါသနည်း၊ မည်သူက ဖော်ဆောင်ခဲ့ပါသနည်း၊ မည်သည့်အခါကမျှ သစ္စာမဖောက် နိုင်ငံတော်အတွက်၊ ပြည်သူအတွက် အမြဲတမ်းရပ်တည်ပေးခဲ့သော၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ထာဝစဉ်စောင့်ရှောက်ကာကွယ်ပေးခဲ့သော တပ်မတော်က အခြေတည်ခဲ့ကြောင်း၊ ဖော်ဆောင်ခဲ့ကြောင်း အထူးညွှန်းဆိုရန် လိုအံ့မထင်ပေ။**

တပ်မတော်သည် စတင်သန္ဓေတည်စဉ်ကတည်းက အချုပ်အခြာအာဏာ ပြန်လည်ရယူ၍ ပြည်သူ့အကျိုး ထမ်းဆောင်ရန်၊ ပြည်သူကို ကာကွယ်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ပြည်သူတစ်ရပ်လုံး၏ ရန်သူကို တိုက်ထုတ်ခဲ့သည်။ လွတ်လပ်ရေးဟူသော အချုပ်အခြာကို ပြန်လည်ရယူပေးခဲ့သည်။ ထိုလွတ်လပ်ရေးမဆုံးရှုံးအောင်လည်း ကာကွယ်ထိန်းသိမ်းပေးခဲ့သည်။ အရေးကြုံတိုင်း ပြည်သူ့ရှေ့က မားမားမတ်မတ်ရပ်တည်လျက် ကယ်တင်ခဲ့သည်။

မြန်မာနိုင်ငံသည် ဗြိတိသျှတို့လက်အောက် ကျရောက်ခဲ့သည်မှအပ နိုင်ငံတစ်ခုခု၏ နှစ်ရှည်လများ သိမ်းပိုက်ထားသည်ကို မကြုံဖူးပေ။ အိမ်နီးချင်းနိုင်ငံအချို့ကလည်း သွေးတိုးစမ်းကြည့်ဖူးကြသည်။ အချို့အတွင်းပိုင်းအထိ ကျူးကျော်ဝင်ရောက်ဖူးသည်။ သို့သော် မဆိုင်းမတွ ပြန်လည်တိုက်ခိုက်ခဲ့သဖြင့် သိမ်းပိုက်ကျွန်ပြုခံရခြင်းမျိုးမရှိခဲ့၊ မဖြစ်ခဲ့ပေ။ အင်္ဂလိပ်တို့နှင့်ကျမှ လက်နက်အင်အား၊ ငွေအင်အား၊ အသိပညာအင်အားတို့ နည်းခဲ့သဖြင့် စစ်ရှုံးကာ သူ့ကျွန်ဖြစ်ခဲ့ရသည်။ သမိုင်းတွင် တစ်ကြိမ်သာဖြစ်ခဲ့ရသော်လည်း ရှုံးချက်နာလှသည်။ နှစ်ပေါင်းများစွာကြာသည့်တိုင် ဒဏ်ရာဒဏ်ချက်တို့ ပြည့်နှက်နေဆဲ။ ထိုဒဏ်ရာဒဏ်ချက်များကား အခြားမဟုတ်၊ ပြည်တွင်းမငြိမ်သက်မှု စစ်မီးများပင်တည်း။ ယနေ့တိုင်ငြိမ်းသတ်၍ မပြီးနိုင်သေး၊ အကင်းမသေသေးပေ။ ထိုမငြိမ်းချမ်းမှုများကြောင့်လည်း တိုင်းပြည်မတိုးတက်ခဲ့၊ မကြီးပွားခဲ့။ ထိုမငြိမ်းချမ်းမှု၊ မလုံခြုံမှုများသည် တိုင်းပြည်ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ရသည့် အဓိကအကြောင်းတရားများဟု ဆိုရပေလိမ့်မည်။

တပ်မတော်သည် နယ်ချဲ့ဆိုးမွေ ဒဏ်ရာဒဏ်ချက်များကို နည်းအမျိုးမျိုးဖြင့် ကြိုးစားဖြေရှင်းခဲ့သည်။ ခေတ်အဆက်ဆက်အစိုးရများ၊ တပ်မတော်ခေါင်းဆောင်များက ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ဆွေးနွေးမှုများ၊ ကမ်းလှမ်းမှုများ၊ လျှော့ပေါ့ကင်းလွတ်ခွင့်ပြုမှုများဖြင့် ဆောင်ရွက်ခဲ့သည်။ အထိုက်အလျောက် အောင်မြင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သော်လည်း လုံးဝငြိမ်းချမ်းသောအခြေအနေသို့ မရောက်နိုင်ခဲ့သေးပေ။

လွတ်လပ်ရေးရရှိရေးအတွက် အသက်ပေး တိုက်ပွဲဝင်ခဲ့သော တပ်မတော်သည် လွတ်လပ်ရေးထိန်းသိမ်းမှုအတွက်လည်း အသက်သွေးချွေး မြောက်မြားစွာ ပေးဆပ်၍ တိုက်ပွဲဝင်ခဲ့ရပြန်ပါသည်။ မြန်မာနိုင်ငံ၏ အရှေ့မြောက်ဒေသကို ခြေကုပ်ယူ၍ မြန်မာနိုင်ငံကို ဒုက္ခအကြီးအကျယ်ပေးခဲ့သော တရုတ်ဖြူကူမင်တန်တို့နှင့် ဖြစ်ပွားခဲ့ရသော တိုက်ပွဲများကို ပြန်လည်မြင်ယောင်ကြည့်နိုင်သည်။ ကူမင်တန်တို့သည် ပြည်ပအထောက်အပံ့ရယူကာ မြန်မာနိုင်ငံတွင် ခြေကုပ်စခန်းများ ထားရှိရုံမျှမက ဘိန်းပါ စိုက်ပျိုးထုတ်လုပ်ခဲ့သည်။ တပ်မတော်သားတို့၏ အသက်သွေးချွေး မြောက်မြားစွာ စတေး၍ အဆိုပါ ပြည်ပကျူးကျော်ရန်ကို ချေမှုန်းခဲ့ရသည်။ နောက်ဆုံး ကုလသမဂ္ဂအထိ တိုင်ကြားကာ မြန်မာ့မြေပေါ်မှ တိုက်ထုတ်နိုင်ခဲ့သည်။ ဗြိတိသျှနယ်ချဲ့တို့၏ အကွက်ကျကျရန်တိုက်ပေးခဲ့မှုများကြောင့် ညီအစ်ကို အချင်းချင်းလည်း နှစ် ၆၀ ခန့် ပဋိပက္ခများ ဖြစ်ခဲ့ရသည်။

**ယနေ့ကာလတွင်မူ အဆိုပါ ပဋိပက္ခများ ချုပ်ငြိမ်းကာ လုံးဝငြိမ်းချမ်းတော့မည့် လက္ခဏာများ မြင်နေရပြီဖြစ်သည်။ စစ်၏ ခါးသီးသောအရသာကို အပြင်းထန်ဆုံး ခံစားရသူများမှာ တပ်မတော်သားများ ဖြစ်ကြသည်။ တိုင်းပြည်လုံခြုံရေးအတွက် ပြည်တွင်းပဋိပက္ခများ ကင်းရှင်းပြီး ပြင်ပကျူးကျော်ရန် တစ်ခုတည်းကို သတိထားရန်သာ လိုတော့သည့်အခြေအနေမျိုးကို အလိုချင်ဆုံးသူများမှာလည်း တပ်မတော်သားများပင်ဖြစ်သည်။ ပြည်တွင်းပဋိပက္ခအတွင်း၌ ဖြစ်စေ၊ ကူမင်တန်ကဲ့သို့သော ပြည်ပကျူးကျော်မှု၌ဖြစ်စေ တပ်မတော်သားတို့ ချွေး၊ သွေး၊ ကိုယ်လက်အင်္ဂါ၊ အသက်ခန္ဓာများ ပေးအပ်စွန့်လှူခဲ့ကြရသည်။ မိတကွဲ၊ ဖတကွဲ၊ သားတကွဲ၊ မယားတကွဲနေကြရသည်။ လင်ယောကျ်ား၊ ဖခင်တို့ တိုင်းပြည်အတွက် အသက်စွန့်လှူသွားသဖြင့် မိသားစုအသိုက်အအုံ ပျက်ပြားခဲ့ရသည်။ များလည်း များလှပြီ။ ဤသည်မှာ နယ်ချဲ့တို့၏ ဆိုးမွေကြောင့် ဆက်စပ်ဖြစ်ပေါ်ခဲ့ရသော အကျိုးဆက်များ ဖြစ်သည်။**

တပ်မတော်သားများကဲ့သို့ပင် စစ်၏ခါးသီးသော အရသာကို ပြင်းပြင်းထန်ထန် ခံစားရသူများရှိနေပေသေးသည်။ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားရာ၊ စစ်မီးတောက်လောင်ရာနယ်မြေဒေသများရှိ ပြည်သူများပင်ဖြစ်သည်။ ကောင်းစွာစိုက်ပျိုးလုပ်ကိုင်စားသောက်ခြင်းမပြုနိုင်ကြသကဲ့သို့ ကောင်းစွာလည်း ပညာမသင်ယူနိုင်ကြပေ။ ယင်းတို့တွင် အခြေခံလိုအပ်ချက်များစွာရှိနေသော်လည်း မငြိမ်းချမ်းမှုများကြောင့် အစိုးရအဆက်ဆက်က ထိရောက်စွာဖြည့်ဆည်းပေးနိုင်ခြင်းမရှိခဲ့။ ငြိမ်းချမ်းရေးဖော်ဆောင်ပြီးသော နယ်မြေဒေသများတွင်မူ လက်ရှိအစိုးရက အခြေခံလူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်နေပြီဖြစ်သည်။ ဤသို့ နှစ်ပေါင်းများစွာ ဖွံ့ဖြိုးမှုတန့်နေခဲ့ရခြင်းမှာလည်း နယ်ချဲ့တို့၏ ဆိုးမွေများကြောင့်ပင် ဖြစ်သည်။

နိုင်ငံတစ်ခု တိုးတက်ဖွံ့ဖြိုးရေးသည် အကြောင်းများစွာအပေါ် အခြေတည်လျက်ရှိသည်။ ထိုအကြောင်း များစွာထဲမှ အရေးအကြီးဆုံးအချက်မှာ လုံခြုံရေးပင်ဖြစ်သည်။ ပြည်တွင်း၌ လက်နက်ကိုင် ပဋိပက္ခများ၊ မငြိမ်းချမ်းမှုများ ရှိနေသရွေ့ လုံခြုံမှု မရှိနိုင်ပေ။ လုံခြုံမှုမရှိက အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် အဟန့်အတားများ ရှိနေမည်ဖြစ်သည်။ အခြေခံအဆောက်အအုံများ မကောင်းက သွားလာရေး၊ သယ်ယူပို့ဆောင်ရေး၊ ကုန်ထုတ်လုပ်ရေး၊ ပြည်သူများ၏ အခြေခံလူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းများတွင် နှောင့်နှေးနေမည်သာဖြစ်သည်။ သို့ဖြစ်၍လည်း ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့ ပူးပေါင်းလျက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးမြှင့်လုပ်ဆောင်လျက်ရှိရာ ပြည်နယ်အဆင့်၊ တိုင်းဒေသကြီး အဆင့်မှသည် ပြည်ထောင်စုအဆင့် စသည်ဖြင့် အဆင့်ဆင့်ဆွေးနွေးအောင်မြင်မှုများ ရရှိလျက်ရှိနေသည်။

**ယနေ့ နိုင်ငံတော်အစိုးရသည် တပ်မတော်၏ စနစ်ကျသော၊ စေတနာမှန်သော လုပ်ဆောင်မှုများမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ နိုင်ငံတော်အပေါ်၊ တိုင်းရင်းသားပြည်သူများအပေါ် အမြဲစေတနာထားရှိသော၊ အမြဲမေတ္တာထားရှိသော တပ်မတော်သည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်၍ တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျဖော်ဆောင်ပေးခဲ့သည်။ ထိုကဲ့သို့ တစ်ဆင့်ပြီးတစ်ဆင့် စနစ်ကျနစွာ ပြောင်းလဲမှုမပြုနိုင်ခဲ့သော နိုင်ငံများ မည်သို့ ဒုက္ခပင်လယ်ဝေကြရသည်ကို ထင်ရှားစွာမြင်နေရသည်။ တပ်မတော်သည် ဤသို့ အဖြစ်မခံ။ ပြည်သူတို့မျှော်လင့်တောင့်တနေသော ဒီမိုကရေစီခေတ်၊ ဒီမိုကရေစီစနစ်သို့ ညင်သာစွာပြောင်းလဲပေးခဲ့သည်။ ပြည်သူအတွက်၊ တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်သည့် အခြေခံကောင်းများကို ဆောင်ရွက်ပေးခဲ့သည်။ ယနေ့အစိုးရသည် အဆိုပါအခြေခံကောင်းများကို တပ်မတော်အစိုးရထံမှ လက်ခံရရှိခဲ့ခြင်းဖြစ်သည်။ ထိုအခြေခံကောင်းများသည် ယနေ့ဆောင်ရွက်နေသော ငြိမ်းချမ်းရေးဖော်ဆောင်မှုများလုံးဝပြီးစီးသွားပါက၊ တစ်တိုင်းတစ်ပြည်လုံး ငြိမ်းချမ်းသွားပါက တိုးတက်မှုဆီ အမြန်အရောက်သွားနိုင်မည့် အကြောင်းတရားများပင်ဖြစ်သည်။ အကျိုးတရားကိုကား ပြည်သူတစ်ရပ်လုံး ခံစားကြရမည်ဖြစ်သည်။**

> **ယနေ့ နိုင်ငံတော်အစိုးရသည် တပ်မတော်၏ စနစ်ကျသော၊ စေတနာမှန်သော လုပ်ဆောင်မှုများမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ နိုင်ငံတော်အပေါ်၊ တိုင်းရင်းသားပြည်သူများအပေါ် အမြဲစေတနာထားရှိသော၊ အမြဲမေတ္တာထားရှိသော တပ်မတော်သည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်၍ တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ ဖော်ဆောင်ပေးခဲ့သည်။ ထိုကဲ့သို့ တစ်ဆင့်ပြီးတစ်ဆင့် စနစ်ကျနစွာ ပြောင်းလဲမှုမပြုနိုင်ခဲ့သောနိုင်ငံများ မည်သို့ ဒုက္ခပင်လယ်ဝေကြရသည်ကို ထင်ရှားစွာ မြင်နေရသည်။ တပ်မတော်သည် ဤသို့ အဖြစ်မခံ။ ပြည်သူတို့ မျှော်လင့်တောင့်တနေသော ဒီမိုကရေစီခေတ်၊ ဒီမိုကရေစီစနစ်သို့ ညင်သာစွာ ပြောင်းလဲပေးခဲ့သည်။**

တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် အမျိုးသားရေးဦးတည်ချက်များကို စွဲမြဲစွာ ခံယူစောင့်ထိန်းနေမည့် နိုင်ငံတော်၏ အခိုင်မာဆုံးသော အဖွဲ့အစည်းကြီးဖြစ်သည်။ ထို့အပြင် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင်လည်း စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တပ်မတော်က ပါဝင်ထမ်းဆောင်လျက်ရှိပြီး ဆက်လက်၍လည်း ထမ်းဆောင်ရပေဦးမည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်မှာ တပ်မတော်၏ အဓိကတာဝန်ဖြစ်ပေသည်။ ထို့အပြင် ခေတ်မီသော တပ်မတော်၊ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော တပ်မတော်ဖြစ်လာအောင်တည်ဆောက်၍ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရပေဦးမည်။ စီးပွားမည်မျှတောင့်တင်းပါစေ ခေတ်မီစွမ်းရည်ထက်မြက်သောအင်အားတောင့်တင်းသည့်တပ်မတော်တစ်ရပ်မရှိက ခံ့ညားလေးစားမှုမခံရသည့်အပြင် ထိကပါးရိကပါးစော်ကားမှုမှသည် ကျူးကျော်ဝင်ရောက်သည်အထိ ဖြစ်လာနိုင်ပေရာ အမျိုးသားရေးတာဝန်များ ကျေပွန်စွာ ထမ်းဆောင်နိုင်ဖို့ တပ်မတော်ကို အမြဲတမ်းဖြည့်ဆည်းနေရမည်ဖြစ်ပေသည်။

**ဖြောင့်ဖြူးညီညာသော ကားလမ်းများ၊ အချိုးကျပြေပြစ်သော ရထားလမ်းကြီးများ၊ မြစ်ကူးတံတားကြီးများ၊ ဆည်တမံကြီးများ၊ စက်ရုံအလုပ်ရုံများ၊ ဒီမိုကရေစီနိုင်ငံအဖြစ် ပြောင်းလဲနေမှုများ စသည် စသည်တို့ကိုမြင်တိုင်း တပ်မတော်၏ ကျေးဇူးတရားများကို အောက်မေ့နေမြဲဖြစ်သည်။ တပ်မတော်သည် ဖက်ဆစ်ကိုတော်လှန်၊ လွတ်လပ်ရေးကို အရယူပေးခဲ့ရုံမျှမက လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ မဆုံးပါးရေး၊ အစွန့်ရှည်တည်တံ့ခိုင်မြဲရေးတို့ကို အသက်၊ သွေး၊ ချွေး ပေးဆက်ကာ ဆောင်ရွက်ပေးခဲ့သည်။ အနာဂတ်နိုင်ငံတော်အတွက် ဖွံ့ဖြိုးမှုအခြေခံကောင်းများလည်း တည်ဆောက်ပေးခဲ့ပြီဖြစ်သည်။ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်မှသည် ယနေ့တိုင် ထိုထိုသော စွမ်းဆောင်မှုများဖြင့် နိုင်ငံနှင့်တိုင်းရင်းသားပြည်သူများကို ကျေးဇူးပြုခဲ့သော တပ်မတော်ကို (၆၇)နှစ်မြောက် တပ်မတော်နေ့အခါသမယတွင် စွမ်းရည်ဖော်ကျူး အထူးလေးမြတ် ဂုဏ်ပြုအပ်ပါကြောင်း။** ။

(၆၇)နှစ်...
☆ ပြည်ထော... မပြိုကွဲရေ... ဦးတည်ချ...
☆ နိုင်ငံတော်... စစ်မှန်သေ... စိတ်ဓာတ်...
☆ ခေတ်မီဖွံ့... တည်ဆော... ဖွဲ့စည်းပုံအ...
☆ နိုင်ငံတော်... တည်တံ့ခို... တောင့်တ... တပ်မတေ...

(၆၇)နှစ်မြောက်...

တပ်မတေ...



စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားပြည်သူများအတွက် ဟုမ္မလင်းမြို့၌ တည်ဆောက်ဖွင့်လှစ်ပေးထားသော ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို တွေ့ရစဉ်။

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် တည်ဆောက်ပေးထားသော ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ

* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသည့် လူမှုရေး ဦးတည်ချက်များကို နိုင်ငံတော်က ဖော်ဆောင်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များနည်းတူ ဆောင်ရွက်ပေးလျက်ရှိသည်။
* နယ်မြေကျယ်ဝန်းသော စစ်ကိုင်းတိုင်းဒေသကြီး၌ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအကျိုးသက်ရောက်စေရန် နိုင်ငံတော်က ဆေးရုံ(၁၃)ရုံ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးထားသည်။



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ တည်ဆောက်ဖွင့်လှစ်ပေးထားသော မုံရွာပြည်သူ့ဆေးရုံကြီးကို တွေ့ရစဉ်။



စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့၌ တည်ဆောက်ဖွင့်လှစ်ပေးထားသော ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကို ဝေဟင်မှ တွေ့ရစဉ်။

သတင်းမှတ်စု - မောင်ငြိမ်းအေး



စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ တည်ဆောက်ဖွင့်လှစ်ပေးထားသော ကလေးမြို့ပြည်သူ့ဆေးရုံကို တွေ့ရစဉ်။

# တန်ဖိုးမြင့်ထုတ်လုပ်သည့် အသေးစား အလတ်စားစက်ရုံများ မြန်မာနိုင်ငံ၌ လာရောက်ထူထောင်ရန် ရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်လို ကမ်းလွန်ရေနံတူးဖော်ရေးကိစ္စတွင်လည်း ရင်းနှီးမြှုပ်နှံနိုင်ရန် အခွင့်အလမ်းများစွာရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

# နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးထားသည့်စီမံကိန်းများကို ဆောလျင်စွာအကောင်အထည်ဖော်ရန် ကုမ္ပဏီများ စိတ်အားထက်သန် မြန်မာနှင့် ဗီယက်နမ်နိုင်ငံအကြား ပစ္စည်းများထုတ်လုပ်ခြင်း၊ လူသုံးကုန်ပစ္စည်းများထုတ်လုပ်ခြင်းကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်နိုင်

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း

နေပြည်တော် မတ် ၂၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း ( H.E. Mr. Nguyen Tan Dung )အား မတ် ၂၀ ရက် ညနေ ၄ နာရီတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ ဝန်ကြီးချုပ်ရုံး Main Conference Hall ၌ တွေ့ဆုံသည်။**

တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့်အတူ ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

## လှိုက်လှဲစွာကြိုဆို

ထိုသို့တွေ့ဆုံရာ၌ ရှေးဦးစွာ ဗီယက်နမ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတနှင့် ကိုယ်စားလှယ်အဖွဲ့အား ဗီယက်နမ်ပြည်သူများနှင့် အစိုးရကိုယ်စား မိမိမှ လှိုက်လှဲစွာကြိုဆိုပါကြောင်း။

သမ္မတကြီး၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၏ အောင်မြင်မှုများအတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ဆွေးနွေးပြောကြားရာတွင် ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့သည် သမိုင်းကြောင်းအရ အလွန်ချစ်ကြည်ရင်းနှီးသည့် နိုင်ငံများဖြစ်ပြီး အဆိုပါချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေရန် အတွက် မိမိအနေဖြင့် ယခုကဲ့သို့ လာရောက်ခြင်းဖြစ်ပါကြောင်း၊ ဗီယက်နမ်နှင့် မြန်မာနှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ **စာမျက်နှာ ၅ ကော်လံ ၄ သို့◆**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် မတ် ၂၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာကျူးသန်စန်း၊ ကမ္ဘောဒီးယားနိုင်ငံ ဘုရင် ပရယ် ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီနှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာကျူမာလီ ဆိုင်ညဆွန်တို့၏ ဖိတ်ကြားချက် အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုပြည်သူ့ ဒီမို ကရက်တစ်သမ္မတနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး အဖွဲ့ဝင်များနှင့်အတူ ယနေ့မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူး လေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာသည်။** (ဝဲပုံ)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင် များအား ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံးတို့မှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင် များအဖြစ် လိုက်ပါသွားကြသည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန **စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆**

## (၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို


ကျော်မျိုးနောင်၏ **“စွမ်းရည်ဖော်ကျူး အထူးလေးမြတ် ဂုဏ်ပြုအပ်ပါသည်”** ဆောင်းပါး(စာမျက်နှာ ၈)

ရေနံ့သာမောင်ကျော်ညွန့်၏ **“တပ်မတော်ဂုဏ်ရည် ဖော်ကွန်းတည်”** ကဗျာ(စာမျက်နှာ ၉)


## ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။